www.burmeseclassic.com

# ငြေနှယ်ကြင်းခေါ

# ဒီချစ်နှင့်ဝိပဿနာ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)က ရဲဝင်းနွယ်(အင်းမ)သို့
စာအုပ်ဝေမှုအခါ နဝကမ္မဝတ္ထုငွေ လှူဒါန်းပွဲ၌ ရေစက်သွန်းချ အမျှပေးဝေစဉ်

## ကိုယ်တိုင်ရေးရာဇဝင်

ပဲခူးတိုင်း သဲကုန်းမြို့နယ်၊ အင်းမမြို့ အဖဦးသိန်းနိုင်၊ အမိဒေါ်ကျင်နုတို့က
၁၉၆၉ ခုနှစ်၊ ဇွန်လ (၁၈)ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားသည်။
၁၉၇၉ ခုနှစ်တွင် ပထမအကြိမ် ရှင်သာမဏေပြုသည်။ ၁၉၈၀ ခုနှစ်တွင်
ဒုတိယအကြိမ် ရှင်သာမဏေပြုသည်။ ဘွဲ့အမည်မှာ ရှင်ရာဇိန္ဒ ဖြစ်သည်။
၁၉၈၉ ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ် ရွှေကျင်ကျောင်းတိုက်တွင်
ပညာသင်ကြားခဲ့ပြီး ၁၉၉၀ ခုနှစ်တွင် ပထမကြီးတန်း၊ ၂၀၀၀ ခုနှစ်တွင်
သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သည်။ (ဓမ္မာစရိယတန်း၌ ၁၀နှစ်တိတိ ကြန့်ကြာခဲ့သည်။)
၁၉၈၅ ခုနှစ်တွင် ပန်းမဂ္ဂဇင်းသို့ ဝတ္ထုတို စတင်ပို့သည်။ ၁၉၈၅ ၁၉၈၆၊
၁၉၈၈၊ ၁၉၈၉ ခုနှစ်အတွင်း ပေးပို့ခဲ့သော စာမူအားလုံး အပယ်ခံရသည်။
၁၉၉၀ ခုနှစ် ဧပြီလထုတ် မြတ်မင်္ဂလာစာစောင်တွင် ဓမ္မဆောင်းပါး ပထမဆုံး
စတင်ဖော်ပြခံရသည်။ မြတ်မင်္ဂလာ၊ သီလဝ၊ သစ္စာ၊ ဗဟုသုတ၊ ဓမ္မဗျူဟာ
မြတ်သတိဝိဓိ၊ သုခမ္ဗ၊ ရုပ်ရှင်တေးကဗျာ၊ FASHION IMAGE၊ FACES (မှဲ့)၊
FUTURE LIGHT ပေါ်ပြူလာ၊ အလင်းတန်း၊ အင်တာဗျူး၊ ရွှေပြည်တန် စသည်တို့၌
ကဗျာ ဝတ္ထု ဆောင်းပါးများ ရေးသားခဲ့သည်။
၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလတွင် ပညာရွှေတောင်စာအုပ်တိုက်မှ
"ဘဝတိုင်း ဆုံတွေ့ချင်ပါသလား" ဘာသာရေးစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
၂၀၀၁ ခုနှစ်တွင် "ရွှေတောတို့ရဲ့ မြစ်များ"
၂၀၀၂ ခုနှစ်တွင် "သံသရာခရီးဖော်"
၂၀၀၃ ခုနှစ်တွင် "ကုသိုလ်ဖြစ်အောင်တွေးမယ်"
၂၀၀၄ ခုနှစ်တွင် "မေတ္တာအတွေးများ"
၂၀၀၅ ခုနှစ်တွင် "အမြဲစီးဆင်းနေသော မြစ်တစ်စင်းအကြောင်း"
၂၀၀၆ ခုနှစ်တွင် "အတွေးများနှင့် မိတ်ဖွဲ့ခြင်း"
၂၀၀၆ ခုနှစ်တွင် "အချစ်နှင့် ဝိပဿနာ" စာအုပ်များကို ထုတ်ဝေခဲ့သည်။
၂၀၀၄ ခုနှစ်အတွက် "မင်္ဂလာအတွေးများ" စာအုပ်ဖြင့် ဓမ္မဗိမာန်စာပေပထမဆုနှင့်
ဆန်းလွင်စာပေပထမဆုကို ရရှိခဲ့သည်။
ယခုအခါ ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ သုခပင်ပဒိ
သဒ္ဓမ္မဂုံသိရိပ်သာကျောင်းတိုက်၌ သီတင်းသုံးလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အတွင်းစာသားခွင့်ပြုချက် | ၃၂၀၆၂၆၀၆၀၉ |
| မျက်နှာဖုံးခွင့်ပြုချက် | ၃၂၀၅၇၅၀၆၀၉ |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | ၁၀၀၀၀ |
| မျက်နှာဖုံးနှင့်အတွင်းပန်းချီ | ဗဂျီလင်းဝဏ္ဏ |
| ကွန်ပျူတာစာစီ | လင်းဇော်ထက် |
| | (အလင်းအိမ်စာပေ) |
| | ဖုန်း - ၅၅၂၁၃၁ |
| အတွင်းဖလင် | အေဇက် (ကိုသစ်) |
| ကာလာခွဲ | New Day |
| ထုတ်ဝေသူ | ဒေါ်ခင်အေးမြင့် |
| | ရာပြည့်စာပေ |
| | အမှတ်(၃၈)၊ (၁၀၉)လမ်း၊ |
| | မင်္ဂလာတောင်ညွန့်၊ |
| | ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့် |
| | ရာပြည့်အော့ဖ်ဆက် |
| | အမှတ်(၁၉၉)၊ လမ်း ၅၀၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၄၀၀ ကျပ် |


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့အမှာ | ၅ |
| ၁။ | အချစ်နှင့်ဝိပဿနာ(၁) ထွက်ပေါက်မှန်ပါစေ | ၁၂ |
| ၂။ | အချစ်နှင့်ဝိပဿနာ(၂) အချစ်စတင်ဖြစ်ပုံ | ၂၁ |
| ၃။ | အချစ်နှင့်ဝိပဿနာ(၃) အချစ်ဈာန်ဝင်စားပုံ | ၂၉ |
| ၄။ | အချစ်နှင့်ဝိပဿနာ(၄) သူမြင်းစီးတိုင်း ကိုယ်လှေမစီးပါနဲ့ | ၃၉ |
| ၅။ | အချစ်နှင့်ဝိပဿနာ(၅) အချစ်မှတစ်ဆင့် နိဗ္ဗာန်သို့ | ၄၅ |


www.burmeseclassic.com

www.burmeseclassic.com

၆။ အချစ်နှင့်ဝိပဿနာ(၆) ---- ၅၈
အကုသိုလ်ဖြစ်သွားသော အချစ်
၇။ အချစ်နှင့်ဝိပဿနာ(၇) ---- ၆၇
အတိတ်ဘဝအချစ်ကလည်း
ဒီဘဝအတွက် ကျေးဇူးပြုတတ်ပါတယ်
၈။ အချစ်နှင့်ဝိပဿနာ(၈) ---- ၇၆
နောက်ဆုံးတော့လေ အချစ်ဟာ
၉။ အချစ်နှင့်ဝိပဿနာ(၉) ---- ၈၉
အချစ်မရှိတဲ့တစ်နေ့သောအခါ
၁၀။ စာအုပ်ဓမ္မဒါနအလှူရှင်များ ---- ၁၀၀



## အနော်မာသည်ဘက်ကမ်းမှာ...

မောင်စိန်ဝင်း(ပုတီးကုန်း)

(၁)

ဆရာတော်အရှင်ဆန္ဒာဓိကာ၏ အုပ်သုံးဆယ်မြောက် စာအုပ်အတွက် မိမိ၏ခံစားမှုကို အမှာအဖြစ် တစ်လောကပင် ရေးဖြစ်ခဲ့ပါသည်။

ဆရာတော်လေး ရဝေနွယ်(အင်းမ)က သူ့စာအုပ်ကလေးအတွက် အမှာစာရေးပေးရန် ပြောလာပါသည်။

ဝတ္ထုစာအုပ်များ၊ ကဗျာစာအုပ်များတွင် အမှာစာ၊ မိမိ၏ခံစားမှုစသဖြင့် များစွာရေးပေးဖြစ်ခဲ့ပါသည်။ ယခုကဲ့သို့ ဘာသာရေးစာအုပ်မျိုးတွေမှာ တစ်စုံတစ်ရာ ရေးသားရန်မှာ မိမိလက်လှမ်းမမီနိုင်သော ကိစ္စတစ်ခုဟု ရိုးသားစွာ ခံယူထားပါသည်။

သို့ရာတွင် ဆရာတော်လေးများနှင့် မိမိ၏ပုဂ္ဂိုလ်ရေးရာ ရင်းနှီးခင်မင်မှုသည် ဆရာတော်လေးများ၏ဆန္ဒကို ငြင်း၍ မရနိုင်သော အဓိကအကြောင်းဖြစ်နေပါသည်။

ထိုသို့ဖြင့် ဆရာတော်လေးအရှင်ဆန္ဒာဓိကာ၏စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



တွင်ကြားသူ့ရင်ကိုစိုက်စေသတည်း'ဟု ရေးသားပေးခဲ့ဖြစ်ပြီး၊ ယခုတစ်ဖန် ဆရာတော်လေးရဝေနွယ်(အင်းမ)၏ စာအုပ်မှာလည်း မိမိ၏ခံစားနားလည်မှုကို ရေးဖြစ်ပြန်ပါပြီ။

အကယ်၍ စာချစ်သူများ ဓမ္မမိတ်ဆွေများနှင့် သဘောထားကွဲလွဲမှုမျိုးရှိပါက စာရေးသူ မိမိ၏တစ်ဦးတည်းသော ခံစားနားလည်မှုသာဖြစ်သည်ဟု ကြိုတင်တောင်းပန်ချင်ပါသည်။

(၂)

'အချစ်နှင့်ဝိပဿနာ' ဆရာတော်လေးရဝေနွယ်(အင်းမ)၏ စာအုပ်အမည်ဖြစ်ပါသည်။

အချို့အချို့သောဓမ္မမိတ်ဆွေများ အချို့ အချို့သော လူကြီးပိုင်းအရွယ်များက နှာခေါင်းရှုံ့ချင်စရာဖြစ်မည်ထင်ပါသည်။ ကိုယ်တော်လေးတွေကလည်း ဒီအချစ်ဆိုတာကြီးကိုပဲ ခဏခဏ ပြောနေသုံးနေကြတာပါပဲဟု ထင်ချင် ပြောချင်စရာ ဖြစ်မည်တွေးမိပါသည်။

ကျွန်တော်တို့ 'အချစ်'ဝတ္ထုတွေရေးသည်ကိုပင် အထင်သေးရှုံ့ချချင်ကြသေးတာပဲ။

အသက်အရွယ်လေးထောက်လာလျှင် 'အချစ်'နှင့် မဆိုင်ဟု ခံယူသတ်မှတ်ထားကြပါသည်။ သည်တော့ ရဟန်းတော်လေးများသည် အချစ်နှင့်ပို၍ပင် မဆိုင်သေးတာဟု သမရိုးကျ အတွေးရှိနေကြမည်ပင်။

အချစ်အကြောင်းပြောရတော့မည့် အရွယ်လား၊ အချစ်အကြောင်းပြောရမည့် ပုဂ္ဂိုလ်လားဟု သမရိုးကျအစွဲဖြင့်



ငြိုငြင်ပြစ်တင်၊ ရင်ထဲက ဆန့်ကျင်နေတတ်ကြပါသည်။

ဆရာတော်လေးရဝေနွယ်(အင်းမ)၏ ယခုစာအုပ်ကလေး၏ဦးတည်ချက်သည် နိဗ္ဗာန်သွားရာလမ်းကြောင်း ဝိပဿနာသို့ရှေ့ရှုထားပါသဖြင့်အတိုင်းမသိ မြင့်မြတ်လှပါသည်။

ကြုံကြိုက်သဖြင့် မိမိ'အချစ်'ဝတ္ထုတွေ ရေးဖြစ်သည့်အကြောင်း အနည်းငယ်ပြောချင်ပါသည်။

(၃)

အနာဂါမ် မဖြစ်မချင်း 'အချစ်'နှင့်မကင်းဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပါသည်။ လောကတွင် ရှိသမျှ လူသားအားလုံးအချစ်နှင့် မကင်းနိုင်ကြပါ။ 'အချစ်'ထက် အရေးကြီးတာတွေ လောကမှာအများကြီး ရှိနေတာပါပဲဟုလည်း လက်ခံပါသည်။ သို့ရာတွင် လူတွေကို လွှမ်းမိုးချုပ်ကိုင်နိုင်သော အင်အားအကြီးမားဆုံး အရာများတွင် 'အချစ်'လည်း တစ်ခုအပါအဝင်ဟု နားလည်ယုံကြည်ပြန်ပါသည်။

လူတိုင်းမှာ ရှိနေသေးသော အင်အားကြီးမားစွာ လူတွေကို ချုပ်ကိုင်မောင်းနှင်နိုင်သောထို'အချစ်'ကို . . လောကကောင်းကျိုး အနည်းဆုံး မိမိတစ်ဦးတည်းဘဝ ကောင်းကျိုး . . ရှိရာဆီသို့ . . တွန်းပို့ပေးနိုင်သည့် အင်အားဖြစ်စေချင်ပါသည်။

ချစ်ခြင်း . . ဖြင့် မိမိဘဝ မြင့်မားတိုးတက်လာလျှင် ချစ်ခြင်း . . ဖြင့် မိမိ မိသားစု ပတ်ဝန်းကျင် လှပစိုပြည်လာပါလျှင် ချစ်ခြင်း . . ဖြင့် လောကကြီး ငြိမ်းချမ်းသာယာသွားပါလျှင် ထို 'အချစ်'သည် အဖိုးအနဂ္ဃထိုက်တန်သောအရာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်ပါသည်။

ဓါတ်ရောပစ္စည်းများထည့်ပြီး သံစိမ်းကို အပူရှိန်မြင့်မားစွာပေးပြီး အရည်ကြိုလိုက်ပါက အလွန်အသုံးဝင်သော သံထည်ကို ရတတ်ပါသည်။ အပူမှ စွမ်းအင်ကို ပြောင်းယူလိုက်ခြင်းပင်။ အပူမှ အရည်အသွေးကို ရယူနိုင်လိုက်ခြင်းပင်။

ထို့အတူ 'အချစ်'ဆိုသောအရာမှ ကောင်းမွန်မြင့်မြတ်မှုများစွာကို ပြောင်းလဲရယူနိုင်မည်ဟု ယုံကြည်စွာအချစ်ကို ဖွဲ့ဆိုမိပါသည်။ အချစ်ဝတ္ထုများကို ရေးဖြစ်ပါသည်။ စက်ဖြင့်ကျစ်သော အုံးဆံကြိုးတွင်းမှ 'ခေါ်ကြိုး' ဆိုသည့် ပင်မကြိုးဖြူကလေးကို တွေ့နိုင်ရန် အုံးဆံကြိုးကို ဖွာဖြည်ကြည့်မှသာ တွေ့နိုင်ပါသည်။ အချစ်ဖြင့် လိမ်ကျစ်ထားသော ကြိုးထဲမှ ခေါ်ကြိုးများကိုလည်း စာဖတ်ပရိသတ်များ စာချစ်သူများ တွေ့နိုင်သိနိုင်မည်ဟု မျှော်လင့်ထားခဲ့ပါသည်။

အချစ်ဝတ္ထုသည် . . 'အနုသယ'ကိုဖွဲ့ပါသည်။

'ပရိယုဋ္ဌာန'ကို မဖွဲ့ပါ။

ပရိယုဋ္ဌာနသည် ကြမ်းတမ်းသော ရာဂဟု နားလည်ထားပါသည်။

(၄)

မိမိအချစ်ဝတ္ထုရေးသည့် ခံယူချက်ကို ရေးပြခဲ့ရသည်မှာ ဆရာတော်လေး၏ "အချစ်နှင့်ဝိပဿနာ"စာအုပ်ကလေး၏ ဦးတည်ချက် မြင့်မားပုံကို ပို၍ပေါ်လွင်စေချင်သော ဆန္ဒကြောင့်ဖြစ်ပါသည်။

မိမိက 'အချစ်'ကြောင့် တစ်ဦးချင်း မိမိ၏ပတ်ဝန်းကျင်သည် သာယာလှပ၊ ငြိမ်းချမ်းစေချင်သော ဦးတည်ချက်ဖြင့် အချစ်ကိုဖွဲ့ပါသည်။

ဆရာတော်လေးက 'အချစ်'ကြောင့် . . ဝိပဿနာလမ်းကြောင်းပေါ် ရောက်သွားနိုင်ပုံကို သာဓကများစွာဖြင့် လူငယ်များနားလည်လက်ခံနိုင်အောင် ရိုးရှင်းစွာတင်ပြ ထားပါသည်။

ဘဝ၏အမြင့်မြတ်ဆုံး လမ်းကြောင်းဖြစ်သော 'ဝိပဿနာ'လမ်းကြောင်းပေါ်သို့ . . လူတိုင်းမှာရှိနေသော 'အချစ်'ဖြင့် အရောက်သွားယူနိုင်ပုံကို နားလည်သွားအောင် ရေးသားထားပါသည်။

အလွန်ရင့်ကျက်နေသော ယောဂီတို့အတွက် ယခုစာအုပ်ကလေးက ခပ်ပေါ့ပေါ့ဖြစ်ကောင်းဖြစ်နေနိုင်ပါသည်။ သို့ရာတွင် တရားနှင့်မတွေ့ မထိဖူးသေးသော အစိမ်းသက်သက်များ ငယ်ရွယ်နုနယ်သူများအတွက်မှာမူကား အဖိုးထိုက်အဖိုးတန်ရတနာဖြစ်နေပါမည်။

လမ်းကြောင်းမှန်ကို ရှင်းလင်းပြတ်သားစွာ လမ်းညွှန်ထားသော အားကောင်းသည့် မီးမောင်းတစ်လက်ဟု ယုံကြည်မိပါတော့သည်။

(၅)

အချစ်ကြောင့် ဝိပဿနာပွားများမှုကို မပြုခဲ့ဖူးသော်လည်း အချစ်ကြောင့် ဗုဒ္ဓလောင်းလျာ၏ဖြစ်စဉ်ကို ကြည်ညိုပွားများမိကာ ကဗျာတစ်ပုဒ်တော့ ရေးဖြစ်ခဲ့ဖူးပါသည်။

ချစ်သူနှင့်ဝေးရသော ကာလများ၏ ပူဆွေး လောင်



www.burmeseclassic.com

www.burmeseclassic.com



မြိုက်မှုကို ထိုကဗျာဖြင့် ဖောက်ထုတ်ခဲ့မိပါသည်။ နိဗ္ဗာန်သို့ ဦးတည်တောထွက်သူနှင့် သံသရာထဲမှာ ကျန်ခဲ့ရသူတို့၏ အကွာအဝေးသည် လူသားတို့၏ သံသရာတစ်ခုထဲမှ အကွာအဝေးဖြင့် မန္တိုင်းသာပါလားဟု တွေးဖြစ်ခဲ့သည်။

## " အဝေးဆုံး "

* အနော်မာကမ်းမှာတော့
ယသော်ဓရာ လွမ်းကျန်ခဲ့မယ်။
* ပြန့်လှည့်ကာ အသွားမဖျက်ပါရစေနဲ့
ကဏ္ဍကာ ဖွားဖက်တော်ရယ် . . ။
* ချစ်တာသိပေမယ့်
'သစ္စာ' . . ရှိရာ ရှေ့လမ်းပေမို့
မေ့စတမ်းကွယ် တာရှည်ကြည့်
ပါရမီဖြည့် ကျန်ပါကွယ် . . . .
သံသရာနယ်က ရှန်းလို့အထွက်။
* ကြာချည်လုပ် လွမ်းတုန်းမှာပဲ
ယာယီဇာတ် တစ်ခန်းဆုံးပြီပေါ့
ပန်းကုံးနှယ် သစ္စာဆင်ဖို့ ခရီးသွားမှာမို့
စည်းခြားကျန် မျှော် . . မျှော် . . ကာနဲ့
ယသော်ဓရာ တစ်သက်လွမ်းစေမယ့်
အနော်မာတစ်ဖက်ကမ်းကို . .
(ကဏ္ဍကာရယ် . . . )
လှမ်းတော့သွက်သွက် . . .။



(၆)

ဆရာတော်လေးရဲ့ အချစ်နှင့် ဝိပဿနာ(၅) ဆောင်းပါးမှာ . . .

အကုသိုလ်တရားက ကုသိုလ်တရားကို ကျေးဇူးပြုပါတယ် . . တဲ့ . . .

အချစ်ဟာ ကောင်းလားဆိုရင် မကောင်းဘူး လို့ ပြောရမှာပါပဲ။ ဒါပေမယ့် အချစ်ကြောင့်ပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရနိုင်ပါတယ်တဲ့ . . .

(၇)

စာချစ်သူများ ခမ္မမိတ်ဆွေများအားလုံးသည် အနာဂါမ်များမဟုတ်သဖြင့် "အချစ်"ရှိသူများသာ ဖြစ်ပါလိမ့်မည်။

မိမိတို့တွင်ရှိသော ထို 'အချစ်'ဖြင့် ဝိပဿနာလမ်းကြောင်းပေါ်လျှောက်ရင်း၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရရှိနိုင်သူများဖြစ်ပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ချစ်ခင်လေးစားစွာဖြင့်
မောင်စိန်ဝင်း(ပုတီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com








# အချစ်နှင့်ဝိပဿနာ (၁)
## ထွက်ပေါက်မှန်ပါစေ

ပိယတော ဇာယတီ သောကော၊
ပိယတော ဇာယတီ ဘယံ။
ပိယတော ဝိပ္ပမုတ္တဿ၊
နတ္ထိသောကော ကုတောဘယံ။

(ဓမ္မပဒ)

ဒီဂါထာလေးက အားလုံးရဖူးကြားဖူးတဲ့ ဂါထာလေးပါ။ မြန်မာလို အဓိပ္ပါယ်ကတော့ –

အချစ်ကြောင့် သောကဖြစ်ရပါတယ်။

အချစ်ကြောင့် ဘေးဖြစ်ရပါတယ်။

အချစ်မရှိရင် အချစ်မှကင်းလွတ်ရင် သောကမဖြစ်ဘူး၊ ဘေးလည်းမဖြစ်တော့ပါဘူးတဲ့။

ဒီဂါထာလေးရဲ့အဓိပ္ပါယ်ကိုကြည့်ပြီး ပထမဦးသတိရဖြစ်လိုက်တာက မြို့ကလေးတစ်မြို့က အမျိုးသမီးကြီးတစ်ယောက်ရဲ့ အကြောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းကပဲ ဆိုပါတော့။ မြို့ကလေးတစ်မြို့မှာ အမျိုးသမီးကြီးတစ်ယောက်ရှိပါတယ်။ အမျိုးသမီးကြီးလို့ဆိုပေမယ့် အသက်က လေးဆယ့်ငါးနှစ်လောက်ပဲ ရှိပါသေးတယ်။ နည်းနည်းဝနေလို့ အမျိုးသမီးကြီးလို့ သုံးလိုက်ရတာပါ။

သူ့မှာ လင်ယောကျ်ားရှိသလို သားသုံးယောက်လည်းရှိပါတယ်။ သားသုံးယောက်လုံးက ကျောင်းနေပါတယ်။ အလုပ်ကတော့ ဈေးထဲမှာ ဈေးရောင်းပါတယ်။ ဈေးနဲ့ စာသင်ကျောင်း နီးနေတဲ့အတွက် သားတွေကို ကိုယ်တိုင်ကျောင်းပို့ပြီးမှ ဈေးထွက်လေ့ရှိပါတယ်တဲ့။

ပြောလိုတာက အိမ်ရဲ့စီးပွားရေးကို ဇနီးဖြစ်သူ အမျိုးသမီးကြီးက ဦးဆောင်လုပ်ကျွေးနေတယ်ဆိုတာပါပဲ။

တစ်နေ့မှာတော့ ယောကျ်ားလုပ်သူက အမျိုးသမီးငယ်ငယ်တစ်ယောက်နဲ့ နောက်အိမ်ထောင်ပြုသွားပါတော့တယ်။

ဒီတော့ အမျိုးသမီးကြီးလည်း အချစ်ကြောင့်သောကဖြစ်ရတယ်ဆိုတဲ့အတိုင်း မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်၊ အလုပ် မလုပ်နိုင်နဲ့ သောကတွေဖြစ်ရပါတော့တယ်။ ဈေးဆိုင်ကို ကိုယ်တိုင်မထွက်နိုင်တော့သလို သားတွေကိုလည်း ကျောင်းကိုကိုယ်တိုင် မပို့နိုင်တော့ပါဘူး။ ဆိုင်ကို အမျိုးမကင်းတဲ့ အမျိုးသမီးတစ်ယောက်နဲ့ လွှဲထား



ပြီး ကိုယ်တိုင်ကတော့ တဆင့် တဆင့် ပွားပွားလာတဲ့ သောကတွေနဲ့ပဲ ရင်ဆိုင်နေရပါတော့တယ်။

ဒီလိုနဲ့ လ, နည်းနည်းကြာလာတော့ ယောကျ်ားရဲ့ နောက်အိမ်ထောင်အမျိုးသမီးငယ်လေးမှာ ကိုယ်ဝန်ရလာပါတယ်။

ဒီသတင်းကြားရတော့ မယားကြီးဖြစ်သူ အမျိုးသမီးကြီးက ပိုလို့သောကရောက်ရပြန်ပါတယ်။

ကြာလာတော့ ဖြစ်ပေါ်နေတဲ့သောကကို မခံစားနိုင်တော့ပါဘူး။ ဒါကြောင့် ရေနွေးကျွက်ကျွက်ဆူနေတဲ့ ရေနွေးတွေကို ရေပုံးတစ်လုံးထဲထည့်ပြီး ကိုယ်ဝန်သည် အမျိုးသမီးငယ်လေးလာတတ်တဲ့ တံတားအလယ်လောက်က သွားစောင့်နေပါတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ အဲဒီနေ့မှာပဲ ကိုယ်ဝန်သည်အမျိုးသမီးငယ်လေးက တံတားပေါ်ကိုဖြတ်လာပါတယ်။ အမျိုးသမီးငယ်လေး အမျိုးသမီးကြီးကို ကျော်အသွားမှာ နောက်ကနေ ရေနွေးပူတွေနဲ့ လောင်းချလိုက်တော့တာပါပဲ။ အမျိုးသမီးငယ်လေးလည်း နေရာမှာတင် ပုံလျက်သားလဲကျသွားပါတယ်။ မထင်မှတ်တဲ့ဖြစ်စဉ်ကြောင့် လူတွေလည်း ဝိုင်းအုံလာကြပါတယ်။ ရောက်လာတဲ့ ပရိသတ်ကပဲ အမျိုးသမီးငယ်လေးကို ဆေးရုံဝိုင်းတင်ပေးကြပါတယ်။ အားလုံးကတော့ "နှစ်သက်ကိုသတ်လိုက်တာ၊ နှစ်သက်ကိုသတ်လိုက်တာ" ဆိုပြီး ပြောဆိုနေကြပါတယ်။ ဒါပေမယ့် ကိုယ်ဝန်ထဲ

www.burmeseclassic.com



က ကလေးပဲ ပျက်စီးသွားပြီး မိခင်ကတော့ အသက်မသေလိုက်ပါဘူး။

နောက်ဆုံးတော့ ရေနွေးပူနဲ့ လောင်းလိုက်သူ အမျိုးသမီးကြီးလည်း ဥပဒေရဲ့အရေးယူမှုကိုခံရပြီး ထောင်ကျသွားရပါတော့တယ်။

အထက်က ဂါထာလေးကို ရွတ်ဖြစ်တိုင်း အမျိုးသမီးကြီးရဲ့ဖြစ်စဉ်ကို သွားသွားသတိရမိလို့ပါ။

အမျိုးသမီးကြီးဟာ အချစ်ကြောင့် သောကတွေလည်းဖြစ်ရသလို ထောင်ကျခြင်းဆိုတဲ့ ဘေးလည်းဖြစ်သွားရတာပါ။ မြတ်စွာဘုရားရှင်ဟောထားတဲ့ ဂါထာလေးနဲ့ ကွက်တိပါပဲ။

စာရေးသူကတော့ အမျိုးသမီးကြီး အချစ်ကြောင့် သောကဖြစ်နေရတဲ့အချိန်၊ ဘေးမဖြစ်သေးခင်မှာ ဦးဇင်းအရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)ရဲ့ "အချစ်ကဲခေပေမယ့် အနှစ်ကျန်စေရမယ်"ဆိုတဲ့ စာအုပ်ကို ပေးဖတ်လိုက်ချင်တာပါ။

အဲဒီစာအုပ်ထဲမှာ အချစ်ကဲခေပေမယ့် အနှစ်ကျန်အောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ဝတ္ထုလေးတစ်ပုဒ်နဲ့ အကျယ်ညွှန်ပြထားလို့ပါ။

မြတ်စွာဘုရားရှင်လက်ထက်တော်က အမျိုးသမီးငယ်လေးတစ်ယောက် ရှိပါတယ်။ သူ့ကို သူ့ရဲ့ခင်ပွန်းက တစ်စက်မှ မချစ်ပါဘူး။ ဒါကြောင့် တခြား



အမျိုးသမီးတစ်ယောက်နဲ့ ဖောက်ပြန်နေပါတယ်။

ဒီတော့ အမျိုးသမီးငယ်လေးက "သူက မချစ်လည်း ကိစ္စမရှိပါဘူး"ဆိုပြီး တရားဘက်ကိုပဲ အဓိကထားလုပ်ပါတော့တယ်။

အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့ကို အိမ်ကိုပင့်ပြီး ဆွမ်းကပ်၊ တရားနာယူပါတယ်။ ဟောတဲ့တရားတွေကို အခြေခံပြီး ဝိပဿနာရှုမှတ်လိုက်တာ အိမ်မှာ သောတာပန်တည်သွားပါတယ်။

နောက်ဘိက္ခုနီမပြုပြီး ဆက်တရားအားထုတ်လိုက်တာ ရဟန္တာဖြစ်သွားပါတော့တယ်။

အမျိုးသမီးငယ်လေးအနေနဲ့ အိမ်ထောင်ရေးအဆင်ပြေနေမယ်ဆိုရင် အခုလိုတရားအားထုတ်ဖြစ်မှာမဟုတ်ပါဘူး။ အဆင်မပြေတဲ့ အိမ်ထောင်ရေးက တရားအားထုတ်ဖြစ်ဖို့ ကျေးဇူးပြုလိုက်တာပါ။ တချို့ ဆိုးကျိုးတွေဟာ တစ်ဖက်မှာ ကောင်းဖို့ဆိုးလာတာပါ။

ဒါပေမယ့် အမျိုးသမီးကြီး သောကတွေ ရောက်နေတုန်းက ဦးဇင်းအရှင်ဆန္ဒာဓိကရဲ့စာအုပ်က မထွက်ရသေးပါဘူး။

ပြဿနာတိုင်း ပြဿနာတိုင်းမှာ ထွက်ပေါက်ဆိုတာရှိပါတယ်။ ကိုယ်က ထွက်ပေါက်ရှာတတ်ဖို့ပဲ အရေးကြီးပါတယ်။

ဘာပဲပြောပြော ပြဿနာတိုင်း ပြဿနာတိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါက်ဆိုတာ ရှိစမြဲဆိုတော့ နောက်ဆုံး သေချင်လောက်အောင် ဖြစ်ရတဲ့ ပြဿနာမျိုးမှာတောင် ထွက်ပေါက်ဆိုတာရှိပါတယ်။

အထက်က ဝတ္ထုဖြစ်စဉ်လေးနှစ်ခုနဲ့ ယှဉ်ပြောရရင် အမျိုးသမီးကြီးက ထွက်ပေါက်မှားသွားတာပါ။ အမျိုးသမီးငယ်လေးကတော့ ထွက်ပေါက်မှန်သွားတာပါ။

ဒီနေရာမှာ ဘာကွာသွားသလဲဆိုတော့ ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ယောနိသောမနသိကာရရှိတဲ့သူက ကုသိုလ်တွေ ဖိပြုပါတယ်။ အယောနိသောမနသိကာရရှိတဲ့သူက အကုသိုလ်တွေ ဖိပြုပါတယ်။ အခြေခံတရားအသိက ကွာသွားတော့ အပြုအမူပိုင်းပါ ကွာသွားတော့တာပါ။

ဘယ်လိုပြဿနာမျိုးပဲကြုံကြုံ တရားသဘောနဲ့ ဖြေရှင်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားရပါမယ်။ တချို့ပြဿနာတွေကို ဒါနပေးကမ်းစွန့်ကြဲပြီး ဖြေရှင်းရပါတယ်။ တချို့ပြဿနာတွေကို မေတ္တာနဲ့ဖြေရှင်းရပါတယ်။ တချို့ပြဿနာတွေကိုသနားကရုဏာနဲ့ ဖြေရှင်းရပါတယ်။ တချို့ပြဿနာတွေကို ဥပေက္ခာနဲ့ ဖြေရှင်းရပါတယ်။ တချို့ပြဿနာတွေကို သည်းခံပြီး ဖြေရှင်းရပါတယ်။ တချို့ပြဿနာတွေကို သည်းခံတာမဟုတ်ဘဲ တုံဏှိဘာဝေ= ဆိတ်ဆိတ်နေပြီး ဘာစကားမှကို ပြန်မပြောဘဲ ဖြေရှင်းပစ်ရပါတယ်။ တချို့ပြဿနာတွေကို သစ္စာဆိုပြီးဖြေရှင်းရပါ



တယ်။ တချို့ ပြဿနာတွေကျတော့ ဝိပဿနာနဲ့ ဖြေရှင်းပစ်လိုက်ရပါတယ်။

ပြဿနာတစ်ခုဖြစ်လာပြီဆိုရင် ခုတင်ပေါ်မှာလှဲ၊ နဖူးပေါ်လက်တင်၊ စိတ်ကောရပ်ကောလျှော့ထားပြီး "ငါ တရားသဘောနဲ့ ဖြေရှင်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားမယ်"ဆိုတဲ့ အသိကို ထပ်ကာ ထပ်ကာ ဆင်ခြင်နေလိုက်ပါ။ ရင်ထဲကို ကိုယ်ဆင်ခြင်တဲ့ 'အသိ' ရောက်လာပြီဆိုရင် သင့်တော်ရာ တရားသဘောတစ်ခုခုနဲ့ ဖြေရှင်းရမှာပါ။

အားတဲ့အခါလေးတွေမှာလည်း တရားသဘောလေးတွေကို ဆင်ခြင်ဆင်ခြင်နေသင့်ပါတယ်။ ဆင်ခြင်ရင်း ဆင်ခြင်ရင်းနဲ့ "တရားအသိ"လေးတွေ ပေါ်လာပါလိမ့်မယ်။ ပေါ်လာတဲ့"တရားအသိ"လေးတွေကို အခြေခံပြီး ဖြစ်ပေါ်နေတဲ့ ပြဿနာကို တရားသဘောနဲ့ ဖြေရှင်းသွားဖို့ပါပဲ။

ဖြစ်ပေါ်လာတဲ့ ပြဿနာကို မတရားတဲ့သဘောနဲ့ ဖြေရှင်းလိုက်ရင် နောက်ဆက်တွဲ ပြဿနာတွေကလည်း ပေါ်လာရဦးမှာပါ။

တကယ့်ကို ကိုယ်ကဖြစ်ပေါ်လာတဲ့ ပြဿနာကို တရားသဘောနဲ့ ဖြေရှင်းချင်တယ်၊ မဖြေရှင်းတတ်ဘူးဖြစ်နေရင် ဆရာတော်တွေ၊ မိတ်ကောင်းဆွေကောင်း၊ လူပညာရှိတွေကို တိုင်ပင်ပြောပြ အကြံဉာဏ်ယူသင့်ပါတယ်။ နောက်ဆုံး ဘယ်လိုမှ မဖြေရှင်းတတ်တော့ဘူး၊ သိပ်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲနေပြီဆိုရင် ရိပ်သာဝင်ပြီး (၁၀)ရက်လောက် တရားအားထုတ်ပစ်လိုက်ပါတော့။

အချစ်ဆိုတာ အနာဂါမ်ရောက်မှ ပယ်လို့ရမှာပါ။ အနာဂါမ်မဖြစ်သရွေ့တော့ အချစ်ဆိုတာ ရှိနေဦးမှာပါ။ အချစ်ရှိနေသေး သရွေ့တော့ အချစ်နဲ့ယှဉ်တဲ့ နောက်ဆက်တွဲ ပြဿနာတွေနဲ့လည်း ရင်ဆိုင်နေရဦးမှာပါ။

ကဲ . . . စာဖတ်သူ၊ အောက်ကစာပိုဒ်ကလေးကို နှစ်ခေါက်လောက် တိုးတိုးလေး ဆိုကြည့်ရအောင်နော်။

"ဘယ်လိုပြဿနာမျိုးပဲကြုံကြုံ တရားသဘောနဲ့ ဖြေရှင်းနိုင်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားလိုက်စမ်းပါ။ ဒါဆိုရင် စိတ်ချမ်းသာပါလိမ့်မယ်"။

အလင်းတန်းဂျာနယ်
၇ . ၈ . ၂၀၀၆





# အချစ်နှင့်ပြဿနာ ။၂။
## အချစ်စတင်ဖြစ်ပုံ

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်ဝိပဿနာ(၂)

## အချစ်စတင်ဖြစ်ပုံ

အချစ်အကြောင်းပြောပြီဆိုရင် အချစ်စတင်ဖြစ်ပုံလေးပါပြောပြမှ ပြည့်စုံသွားမှာပါ။

အချစ်စတင်ဖြစ်ပုံအကြောင်းလေးကို အကျဉ်းချုပ်လောက် ပြောပြရအောင်ပါ။

ကမ္ဘာကြီးပျက်ပြီးတော့ ကမ္ဘာသစ်တစ်ခု ပြန်တည်တဲ့အခါမှာ ဘယ်သူတွေအရင်ရောက်လာသလဲဆိုတော့ ဗြဟ္မာတွေ ဗြဟ္မာ့ပြည်ကနေစုတေပြီး လူ့ပြည်မှာ ဥပပတ်ပဋိသန္ဓေစိတ်နဲ့ လူလာဖြစ်ကြပါတယ်။ အဲဒီလို လူလာဖြစ်တဲ့အချိန်မှာ ယောကျ်ားမိန်းမဆိုတဲ့ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ် ထင်ထင်ရှားရှား မဖြစ်သေးပါဘူး။ ပြီးတော့ ကိုယ်ရောင်ကိုယ်ဝါတွေနဲ့ဆိုတော့ နေတွေလတွေလည်း မလိုအပ်သေးပါဘူး။

အဲဒီမှာ တစ်ခုသတိထားရမှာက ဗြဟ္မာတွေလူ့ပြည်ကိုဆင်းလာတာမဟုတ်ပါဘူး၊စုတေပြီး လူပြည်မှာ



လူလာဖြစ်ကြတာပါ။ တချို့က ကမ္ဘာဦးအစမှာ ဗြဟ္မာတွေဗြဟ္မာ့ပြည်က ဆင်းလာတယ်လို့ ပြောပြောနေကြလို့ပါ။

ဗြဟ္မာ့ပြည်က စုတေစဆိုတော့ ပီတိလေးတွေနဲ့ပဲ နေနေကြပါတယ်။ ဘာမှမစားကြသေးပါဘူး။

ကမ္ဘာပြုမိုးတွေရွာထားပြီး တဖြည်းဖြည်းနဲ့ ရေတွေခန်းခြောက်သွားတာဆိုတော့ မြေအထက်မှာ အပေါ်ယံ မြေဆီတွေ ကျန်နေခဲ့ပါတယ်။ အဲဒီ မြေဆီတွေက နို့ရည်အထက်မှာ တက်နေတဲ့ မလိုင်လို ချိုဆိမ့်တဲ့ အနံ့အရသာ ရှိနေတယ်လို့ ဆိုပါတယ်။

အဲဒီအထဲကမှ တစ်ယောက်က မွှေးကြိုင်နေတဲ့ မြေဆီလေးတွေကို "ဘယ်လိုအရသာရှိမလဲ"ဆိုပြီး လက်နဲ့တို့ပြီးလျက် ကြည့်လိုက်ပါတယ်။ "ဟာ . . တော်တော်ကောင်းတာပဲ"ဆိုပြီး ဆက်စားပါတော့တယ်။ ကျန်တဲ့သူတွေကလည်း သူစားသလို လိုက်စားပါတော့တယ်။ ဒီတော့ ရသတဏှာဝင်လာပြီး ကိုယ်ရောင်ကိုယ်ဝါတွေလည်း ပျောက်သွားရောဆိုပါတော့။

အဲဒီမှာ တချို့အဆိုတော်တွေက "ဗြဟ္မာတွေ မြေသင်းစားလို့ ထူးဆန်းတဲ့အချစ်ဖြစ်ပေါ်သည် . . ." စသည်ဖြင့် သီချင်းလုပ်ဆိုကြပါတယ်။ တကယ်တော့ အဲဒီအချိန်မှာ အချစ်မဖြစ်ကြသေးပါဘူး။ သူတို့ရဲ့သန္တာန်မှာ ရသတဏှာပဲ ဝင်လာသေးတာပါ။ နောက်တစ်ခုက ဗြဟ္မာတွေစားတာ မဟုတ်ပါဘူး၊ ဗြဟ္မာပြည်က စုတေပြီး လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီဖြစ်လို့ လူတွေစားတာပါ။

ဒီလိုနဲ့ မြေဆီတွေစားရင်း စားရင်း ကုန်သွားတော့ ကံအားလျော်စွာ သလေးဆန်တွေ ပေါ်လာပါတယ်။ ဒီသလေးဆန်တွေဟာ အိုးထဲထည့် မီးကျောက်ပေါ်တင်လိုက်တာနဲ့ အလိုလိုမီးတောက်ပြီး ထမင်းကျက်တာနဲ့ မီးလည်းငြိမ်းသွားပါတယ်။

မြေဆီမြေလွှာတွေ စားနေတုန်းကတော့ စားသမျှ အဆီအသားတွေဖြစ်ပြီး အဖတ်အကာ တချို့သာ ကျန်တယ်လို့ဆိုပါတယ်။ အဲဒီအဖတ်အကာတချို့ ကိုလည်း ဝမ်းမီးက လောင်လိုက်တဲ့အတွက် ကုန်ခန်းကုန်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကျင်ကြီး ကျင်ငယ် ဆိုတာ မဖြစ်သေးပါဘူး။ သလေးဆန်တွေ စားလာတဲ့ အခါမှာတော့ ကျင်ကြီးကျင်ငယ်ဆိုတာဖြစ်လာပြီး ကျင်ကြီးကျင်ငယ် ထွက်ရာအပေါက်တွေလည်း ဖြစ်ပေါ်လာတယ်လို့ ဆိုပါတယ်။

ဒီတော့မှ ယောကျ်ား၊ မိန်းမပုံသဏ္ဌာန်ဖြစ်တဲ့ ဣတ္ထိဘာဝရုပ်၊ ပုရိသဘာဝရုပ်တွေလည်း ထင်ထင်ရှားရှားဖြစ်လာပါတော့တယ်။

ဗြဟ္မာ့ပြည်မရောက်ခင်က မိန်းမဖြစ်ခဲ့တဲ့သူက ဣတ္ထိဘာဝရုပ်ပေါ်လာပြီး ယောကျ်ားဖြစ်ခဲ့တဲ့သူက ပုရိသဘာဝရုပ်ပေါ်လာတယ်လို့ဆိုပါတယ်။

နားနဲ့မနာ ဖဝါးနဲ့နာဆိုတဲ့အတိုင်း နားနဲ့မဖတ်



ဖဝါးနဲ့ဖတ်ပါလို့ ပြောရတော့မလား မသိပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အင်္ဂါတွေမတူလို့ တစ်ယောက်အင်္ဂါတစ်ယောက်ကြည့်ပြီး တပ်နှစ်သက်တဲ့ တဏှာရာဂတွေဖြစ်လာပြီး စိတ်ကိုမချုပ်တည်းနိုင်တော့ဘဲ ကာမကိစ္စကို စတင်မှီဝဲကြပါသတဲ့။

ဒီတော့ ကျန်တဲ့သူတွေက မပြုကောင်းတာ ပြုရပါ့မလားဆိုပြီး ခဲနဲ့ဝိုင်းပေါက်ကြပါသတဲ့။ ကာမကိစ္စကို ပြုတဲ့သူတွေဟာ ပုန်းအောင်းရင်း အိမ်ရာများ သီးခြားတည်ထောင်ကြပါသတဲ့။ ဒီခေတ် မင်္ဂလာဆောင်ခဲပေါက်တဲ့ဓလေ့ဟာ ကမ္ဘာဦးကတည်းက စခဲ့တာလို့ဆိုပါတယ်။

ဒါဟာ ကမ္ဘာဦးအစအချစ်စတင်ဖြစ်ပေါ်ပုံ အကျဉ်းပါပဲ။ အကျယ်သိချင်တယ်ဆိုရင်တော့ သုတ်ပါထေယျပါဠိတော်မြန်မာပြန် အဂ္ဂညသုတ်နဲ့ ဆရာတော်အရှင်ဇနကာဘိဝံသရဲ့ သင်္ဂြိုဟ်ဘာသာဋီကာ၊ အခြေပြုပဋ္ဌာန်းတရားတော် စာအုပ်တို့မှာ မြန်မာလို အကျယ်ရေးပြ ထားပါတယ်။ ဒီမှာတော့ လိုရင်းခပ်ကျဉ်းကျဉ်းပဲရေးပြ လိုက်တာပါ။

အချစ်ဆိုတဲ့ တဏှာရာဂ၊ ကာမဂုဏ် ကိစ္စတွေကို ခံစားတာကို စာမှာဘယ်လို ဥပမာပေးထားသလဲဆိုတော့ နူနာရောဂါသည်ဟာ ကိုယ့်ရဲ့နူနာရောဂါ ယားယံလာတဲ့အခါ သက်သာလိုသက်သာငြား မီးကင်တာနဲ့တူပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မီးကင်နေတုန်းမှာ အယားတဒင်္ဂ သက်သာသွားတယ်လို့ ထင်ရပေမယ့် နောက်–ပိုးတွေ ပြန်ထိုးတော့ ပြန်ယားပြီး ပြန်ကင်ရတာပါပဲ။ နှုနာရောဂါကို အမြစ်ပြတ်အောင် ဆေးသောက်လိုက်မှပဲ မကင်ရတော့မှာပါ။

အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားတာဟာ နှုနာမီးကင်တာနဲ့ တူတယ်ဆိုတော့ ကိုရီးယားကားလေး ကြည့်နေတာလည်း မီးကင်နေတာပါပဲ။ ဘောလုံးပွဲတွေ ကြည့်နေတာလည်း မီးကင်နေတာပါပဲ။ ကာရာအိုကေဆိုင် သွားတာလည်း မီးကင်နေတာပါပဲ။ အလှပြင်ဆိုင်မှာ ဆံပင်သွားဖြောင့်နေတာလည်း မီးကင်နေတာပါပဲ။ ချောင်းသာသွားတာလည်း မီးကင်နေတာပါပဲ။

ဆိုင်ရာမဂ်အဆင့်ဆင့်ကို မရသေးသရွေ့တော့ မီးကကင်ကင်နေရဦးမှာပါ။ ဆိုင်ရာ မဂ်တွေမရသေးရင်တောင် ကိုယ်မီးကင် နေတာလေးကို မီးကင်နေတယ်လို့ သိနေရင်ပဲ မဆိုးလှပါဘူး။ ဒီတော့ ကိုရီးယားကားလေး ကြည့်နေရင်လည်း "သြော် ငါ မီးကင်နေတာ၊ ငါ မီးကင်နေတာ"လို့ သူများမကြားအောင် တိုးတိုးလေးဆင်ခြင်လိုက်ပါ။ ဆံပင်ဖြောင့်နေရင်လည်း "သြော် ငါမီးကင်နေတာ၊ ငါမီးကင်နေတာ" လို့ တိုးတိုးလေးဆင်ခြင်လိုက်ပါ။ ဆင်ခြင်နေတဲ့သူဟာ ကိုယ့်မှာဖြစ်နေတဲ့ နှုနာရောဂါကို ကုဖို့ သတိပေးနေတာနဲ့တူပါတယ်။ ဒီတော့ အလွန်အကျွံတွေလည်း မဖြစ်တော့ပါဘူး။



မီးကင်နေတဲ့သူချင်းတူပေမယ့် ကိုယ်က မီးကင်နေတာလေးကို သိနေတော့ ဘာပဲပြောပြော သူတို့နဲ့စာရင် ကိုယ်ကသူတို့ထက် မသိမသာလေးတော့ သာနေတာပါပဲ။

ဆင်ခြင်ရင်း ဆင်ခြင်ရင်းနဲ့ ကြာလာရင် သံဝေဂဉာဏ်တွေ များများလာပါလိမ့်မယ်၊ သံဝေဂဉာဏ်တွေများလာတဲ့ တစ်နေ့မှာ ကိုယ့်ရဲ့နှုနာကိုလည်း အမြစ်ပြတ်ကုချင်စိတ်ပေါက်လာပါလိမ့်မယ်။

အနာရှိရင် ဆေးရှိတာပါပဲ။ နှုနာရောဂါ ပျောက်ဖို့အတွက် ဆေးကတော့ သတိပဋ္ဌာန်ဝိပဿနာဆေးပါပဲ။

သတိပဋ္ဌာန်ဝိပဿနာတရား ရှုမှတ်နေတဲ့အချိန်ဟာ တဒင်္ဂအားဖြင့် အကုသိုလ်ကိလေသာတွေ ငြိမ်းနေတာပါ။ တဒင်္ဂ အကုသိုလ်ကိလေသာငြိမ်းနေတဲ့ အချိန်လေးဟာ သိပ်ပြီး ချမ်းသာနေတာပါ။ အဲဒီချမ်းသာမှုဟာ လောကီချမ်းသာတွေနဲ့ နှိုင်းယှဉ်လို့ကို မရပါဘူး။

ဒါတောင် အမြစ်ပြတ် အကုသိုလ်ကိလေသာငြိမ်းသေးတာမဟုတ်ပါဘူး။ အမြစ်ပြတ်ငြိမ်းသွားတယ်ဆိုရင်တော့ အထူးပြောစရာမလိုတော့ပါဘူး။

ကိုယ်က ဒီသဘောလေးကို အာရုံပြုပြီး သတိပဋ္ဌာန် ဝိပဿနာဆေးလေးကို မကြာခဏ သောက်သောက်ပေးဖို့ပါ။ လူ့လောကမှာက မီးကင်စရာတွေသိပ်များများရယ်။ ပုထုဇဉ်သဘာဝအရ ကိုယ်ကမရှောင်နိုင်သေးလို့ မီးကင်နေရရင်လည်း ကိုယ်မီးကင်နေတယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေးကို သိနေဖို့ပါပဲ။

ကာမဂုဏ်အာရုံတွေနောက်ကို လိုက်နေသရွေ့တော့ ဘယ်တော့မှ ဆုံးမှာမဟုတ်ပါဘူး။ တိုးလို့တိုးလို့သာ ခံစားနေချင်မှာပါ။ ဒီကာမဂုဏ်အာရုံတွေကြောင့်ပဲ စိတ်ဆိုးရ၊ စိတ်ကောက်ရ၊ နာကြည်းခဲ့ရ၊ လွမ်းရ၊ ဆွေးရ၊ မိတ်ပျက်ရ၊ နောက်ဆုံး ထောင်ကျရ၊ ငရဲကျသွားရတဲ့ အထိပါပဲ။ ကိုယ့်ဝန်းကျင်မှာ ဒါတွေက ‹ ‹ နေ့စဉ်တွေ့နေရတာပါ။

တကယ်လို့ ကိုယ်က ကိုယ့်ရဲ့ နူနာရောဂါကို အမြစ်ပြတ်အောင် မကုချင်သေးဘူးဆိုရင်တောင် တဒင်္ဂအားဖြင့် ရောဂါသက်သာဖို့ သတိပဋ္ဌာန်ဝိပဿနာဆေးလေးကို တစ်နေ့ကို ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်တော့ သောက်သောက်နေသင့်ပါတယ်။ သောက်ရင်းသောက်ရင်း ဆေးရဲ့အာနိသင်ကို သိသိလာပြီး တိုးတိုးသောက်ချင်လာမှာပါ။

ဘာပဲပြောပြော စာဖတ်သူရယ်၊ နူနာရောဂါ တဒင်္ဂသက်သာဖို့ သတိပဋ္ဌာန် ဝိပဿနာဆေးလေးကို တစ်နေ့ကို ဆယ့်ငါး မိနစ်၊ မိနစ်နှစ်ဆယ်လောက်တော့ သောက်ဖြစ်အောင် ကြိုးစားလိုက်ပါနော်။

အလင်းတန်းဂျာနယ်
၁၄ . ၈ . ၂၀၀၆






www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်ဝိပဿနာ(၁)

## အချစ်ဈာန်ဝင်စားပုံ

အချစ်အကြောင်းပြောပြီဆိုရင် အချစ်ဈာန်ဝင်စားပုံအကြောင်းလေးကိုလည်း ထည့်ပြောမှ ပြည့်စုံမယ်ထင်ပါတယ်။ ဒါကြောင့် အချစ်ဈာန်ဝင်စားပုံလေးပါ ပြောပြရအောင်ပါ။

“စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန် ဈာန်ဟုခေါ်သတတ်”ဆိုတဲ့အတိုင်း ဈာန်ဆိုတာ အာရုံတစ်ခုအပေါ်မှာ စိုက်စိုက်စူးစူး ရှုနေတာပါပဲ။

ဥပမာ – ဖောင်းတယ် ပိန်တယ်မှတ်နေတဲ့အခါ ဒီဖောင်းမှု ပိန်မှုအာရုံကိုပဲ ကြံနေမယ်၊ ဒါက ဝိတက်ပါ။

ဒီဖောင်းမှု ပိန်မှုအာရုံ ပျောက်မသွားရအောင် ထပ်ကာ ထပ်ကာ အာရုံပြုနေမယ်၊ ဆင်ခြင်နေမယ်၊ ဒါက ဝိစာရပါ။

ဖောင်းတာ ပိန်တာမှတ်ပြီး နှစ်သက်မှုဖြစ်နေမယ်၊ ဒါက ပီတိပါ။



ပြီးတော့ ဖောင်းတာ ပိန်တာမှတ်ရတာ သိပ်ချမ်းသာနေမယ်၊ ဒါက သုခပါ။

နောက် ဖောင်းမှု ပိန်မှုအပေါ်မှာပဲ စိတ်စိုက်ပြီး တည်ငြိမ်နေမယ်၊ စိတ်ကအပြင်ကို ထွက်မသွားဘူး၊ ဒါက ဧကဂ္ဂတာပါ။

အဲဒီလို ဖောင်းတယ် ပိန်တယ်မှတ်တဲ့အခါ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါငါးပါးဖြစ်နေတာဟာ ပထမဈာန်ဖြစ်နေတာပါ။

ဒါက ကောင်းတဲ့ဘက်က ကုသိုလ်ဈာန်ဖြစ်နေတာကို ပြောတာပါ။

ဒီလိုပါပဲ၊ ကုသိုလ်ဈာန်ရှိသလို အကုသိုလ်ဈာန်လည်း ရှိပါတယ်။

ဥပမာပဲ ထားပါတော့။ ကိုယ့်အိမ်က ခင်ပွန်းဖြစ်သူ “ကိုကို”က အပြင်ထွက်ပြီး အလုပ်သွားလုပ်နေမယ်။ ဒါကိုပဲ ကိုယ်က ကိုယ့်ရဲ့ကိုကိုကို စူးစူးစိုက်စိုက် သတိရနေပြီး ကိုကို့အကြောင်းကိုပဲ တွေးနေမယ်၊ ကြံနေမယ်၊ ဒါက ဝိတက်ပါ။

ကိုကိုဆိုတဲ့အာရုံပျောက်မသွားရအောင် ထပ်ကာ ထပ်ကာ အာရုံပြုနေမယ်၊ ဆင်ခြင်နေမယ်၊ ဒါက ဝိစာရပါ။

ကိုကို့အကြောင်းတွေးပြီး နှစ်သက်နေမယ်၊ ဒါက ပီတိပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကိုကို့အကြောင်းတွေးရတာ သိပ်စိတ်ချမ်းသာနေမယ်၊ ဒါက သုခပါ။

စိတ်က ဘယ်မှထွက်မသွားဘဲ ကိုကို့ဆီမှာပဲ တည်နေမယ်၊ ဒါက ဧကဂ္ဂတာပါ။

အဲဒီလို ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ဆိုတဲ့ အင်္ဂါငါးပါးညီနေတာဟာ (အကုသိုလ်ဈာန်ဝင်စားနေတာလို့ပြောရင်း နားကြားရတာခက်နေမှာစိုးလို့) အချစ်ဈာန်ဝင်စားနေတာပါပဲ။

ဒီတော့ ကိုယ့်ရဲ့ "ကိုကို"ကို စူးစူးစိုက်စိုက် သတိရနေတာဟာ အချစ်ဈာန်ဝင်စားနေတာပါ။ အဲဒီလို အချစ်ဈာန်ဝင်စားနေရ တာကလည်း တစ်မျိုးအရသာ ရှိနေမှာပါ။

လောကီထဲမှာ နေနေကြတာဆိုတော့ ဒီအာရုံ ဒီသဘောတွေကတော့ ကင်းလို့မရပါဘူး။ သဘာဝတရား တစ်ခုအနေနဲ့ ရှိနေမှာပါ။

ဒါနဲ့ပတ်သက်ပြီး ဆရာတော်အရှင်ဇနကာဘိဝံသက အခြေပြုပဋ္ဌာန်းတရားဒေသနာတော် ဈာနပစ္စည်းအဖွင့်မှာ -

"ဘုန်းကြီးကတော့ ရှိပါစေပဲ၊ ပြီးတော့မှ တရားနဲ့လိုက်ပါ။ ထမင်းဟင်းကောင်းစားတဲ့ဟာ စားပါစေ၊ ပြီးတော့မှ အစာကြေဆေးကလေးနဲ့ ဖြေပါ။ မစားနဲ့လို့ မပြောလိုက်ပါနဲ့ သူစားချင်တာ စားပါစေ၊



ဒီသဘောမျိုးပဲ လူတွေဟာ လောကကြီးထဲမယ် သမီးခင်ပွန်းလိုဖြစ်နေရင် စိုက်စိုက်စူးစူးရှုပြီးတော့ နေသလိုပဲ တစ်ယောက်နဲ့ တစ်ယောက် အင်မတန်ကြင်နာမှ သဘောကျတယ်၊ လောကကြီး ဒါမှစိတ်ချမ်းသာတယ်၊ အဲဒီဟာမှ အိမ်မှာ ချမ်းသာတယ်"လို့ ဟောပြထားပါတယ်။

နောက် - မဟာစည်ဆရာတော်ဘုရားကြီးကလည်း ဓမ္မစကြာတရားဒေသနာ စာအုပ်မှာ -

"အဖျားရောဂါ ပျောက်ခါစ နာလန်ထ ပုဂ္ဂိုလ်မှာ မသင့်တော်တဲ့ အစာတွေကို ရှောင်ရတယ်၊ မရှောင်နိုင်လို့ စားချင်ရင် အဲဒီအစာကို စားပြီးတဲ့အခါ အစာမှား အစာကြေဆေးကို စားရတယ်၊ အဲဒီလိုဆိုတော့ အဖျားရောဂါ မတက်ဘူး၊ ကိုယ်စားချင်တာ စားရလို့ အားအင်လည်း ပြည့်ဝတယ်၊ အဲဒါလိုပါပဲ။ ပစ္စဝေက္ခဏာ ဆင်ခြင်တာ၊ ရှုမှတ်တာဟာ သုံးစွဲတဲ့ ပစ္စည်းအားလုံးတို့နှင့် စပ်ပြီး ကိလေသာမဖြစ်ရအောင် ကာကွယ်တားမြစ်လိုက်တာပဲ"လို့ ဟောပြထားပါတယ်။

ကာမဂုဏ်အာရုံတွေကို ထမင်းနဲ့ ဥပမာပေးထားပြီး ဝိပဿနာတရားကိုတော့ အစာကြေဆေးနဲ့ ဥပမာပေးထားပါတယ်။

စာရေးသူကတော့ ဆရာတော်ဘုရားကြီးနှစ်ပါးရဲ့ အဖြေဥပမာစကားလေးကို သိပ်သဘောကျတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုတော့ လူတွေဟာ ထမင်း ဟင်းနဲ့ကင်းလို့ မရပါဘူး။ ကင်းလို့မရတဲ့ ထမင်းနဲ့ဟင်းကို မစားပါနဲ့လို့ မမိန့်ဘဲ ထမင်းဟင်းကောင်းတွေလည်း စားပါ။ ပြီးတော့ အစာကြေဆေးလေးလည်း စားပါလို့ စားနည်း သောက်နည်းလေးကို ညွှန်ပြထားလို့ပါ။

လောကီထဲမှာ နေနေတဲ့သူတွေကို "မချစ်ပါနဲ့၊ မချစ်ပါနဲ့ ဒါတွေဟာ ကာမဂုဏ်တရားတွေ"လို့ သွားပြောလို့မရပါဘူး။ မကင်းနိုင်တဲ့ အချစ်တွေထဲမှာ ကိုယ်က ဝိပဿနာတရား အစာကြေဆေးလေး အမြဲဆောင်ထားဖို့ပါပဲ။ ဒါဆိုရင် အချစ်ရဲ့ဆိုးကျိုး တွေဖြစ်တဲ့ သောကတွေ ဒေါသတွေ လွမ်းရဆွေးရတာတွေ မဖြစ်တော့ပါဘူး။

ကိုယ်က ဝိပဿနာအစာကြေဆေးလေးကို အမြဲဆောင်ထားတော့ အချစ်နဲ့ပတ်သက်တဲ့ ဒုက္ခဝေဒနာတွေ ခံစားရဦးတော့ ကိုယ်က ဝိပဿနာ အစာကြေဆေးလေးကို ထုတ်စားလိုက်ရုံပါပဲ။

အချစ်နဲ့ပတ်သက်တဲ့ ဒုက္ခဝေဒနာတွေကလည်း အများသားရယ်ပါ။

ရှင်ကွဲကွဲရတဲ့ဒုက္ခ၊ သေကွဲကွဲရတဲ့ဒုက္ခ၊ မချစ်ခင် မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းနေရတဲ့ဒုက္ခ၊ ချစ်ခင်သူနဲ့ ကွေကွင်းရတဲ့ဒုက္ခ စသည်ဖြင့် အများကြီးပါပဲ။

အသိအမျိုးသမီးတစ်ယောက်က မေးဖူးပါတယ်။ သူဟာ မချစ်ခင်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းနေ



ရတဲ့အတွက် သိပ်စိတ် ဆင်းရဲနေရပါတယ်။ နောက် အဲဒီလို ဒုက္ခတွေက ကင်းလွတ်အောင် ဘယ်လိုလုပ်ရမလဲလို့ မေးဖူးပါတယ်။

"တရားနဲ့ကွာမနေပါနဲ့"လို့ တိုတိုပဲဖြေပေးရပါတယ်။

တရားနဲ့ကွာမနေပါနဲ့ဆိုတာ အရာအားလုံးကို လျစ်လျူရှုပြီး တရားချည်းဖိအားထုတ်နေရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။

တရားနဲ့ကွာမနေနဲ့ဆိုတာ ဇနီးမယားတစ်ယောက်အနေနဲ့ လိုက်နာရမယ့် မယားဝတ္တရားငါးပါး အပြင် ဝိမာနဝတ္ထုတို့မှာ ထပ်မံပြထားတဲ့ -

ပုဗ္ဗုဋ္ဌာယိ - လင်ရဲ့အရင် အိပ်ရာကထရမယ်။

ပစ္ဆာနိပါတိ - လင်အိပ်ပြီးမှ အိပ်ရမယ်။

မနာပစာရီ - လင်နှစ်သက်တဲ့ အပြုအမူအတိုင်း ပြုမူနေထိုင်ရမယ်။

ပိယဝါဒိနီ - လင်နှစ်သက်စေမယ့်စကားကိုပဲ ပြောရမယ်။

ကိံကာရပတိဿာဝီ - ဘယ်လိုလုပ်ရမလဲလို့ လင်ကိုတိုင်ပင်ပြီးမှ လုပ်ရမယ်။ ကိုယ့်သဘောနဲ့ကိုယ် မလုပ်ရဘူး။

မုခုလ္လောကိကာ - လင့်မျက်နှာကိုကြည့်ပြီး သူ့အလိုတိုင်းနေရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကိုလည်း လိုက်နာရပါမယ်။

တကယ်လို့ ကိုယ့်မှာအဆင်မပြေမှုတွေနဲ့ ကြုံနေရရင် အဓိကအချက်သုံးချက်ကို အာရုံပြုရမှာပါ။

၁။ မယားဝတ္တရား ကျေရမယ်။

၂။ အားကြီးတဲ့ ကာမာဝစရကုသိုလ်ကို ပြုရမယ်။

၃။ ဆုတောင်းရမယ်၊ ဒီသုံးချက်ပါပဲ။

အားကြီးတဲ့ ကာမာဝစရကုသိုလ်ဆိုတာက ကိုယ်ပြုတဲ့ကုသိုလ်အပေါ်မှာ ဝမ်းမြောက်ရမယ်၊ ဉာဏ်ယှဉ်ရမယ်၊ ဉာဏ်ယှဉ်တယ်ဆိုတာက ငါတို့ဟာ ရှိလို့ လှူတာမဟုတ်ဘူး၊ သိလို့လှူတာ၊ သိလို့လှူတယ်ဆိုတာကလည်း ကောင်းတာလုပ်ရင် ကောင်းကျိုး ဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးဖြစ်မယ်လို့ သိတာပါ။ ပြီးတော့ သူတစ်ပါးတိုက်တွန်းလို့ လုပ်တာမဟုတ်ဘဲ ကိုယ့် သဘောနဲ့ကိုယ် လုပ်တာဖြစ်ရပါမယ်၊ ဒါဟာ အားကြီးတဲ့ကာမာဝစရကုသိုလ်ပါပဲ။

(၃) ဆုတောင်းရမယ်ဆိုတာက ကုသိုလ်ပြုပြီးတိုင်း "တွေ့ကြုံနေရသောဒုက္ခဝေဒနာတွေမှ ကင်းလွတ်ရပါလို၏"လို့လည်း ဆုတောင်းရပါမယ်။

ဒါကို ဓမ္မပဒကလာတဲ့ ပတိပူဇိကာဆိုတဲ့ ဝတ္ထုလေးနဲ့ အာရုံပြုကြည့်လို့ရပါတယ်။

တာဝတိံသာနတ်ပြည်မှာ မာလဘာရီဆိုတဲ့ နတ်



သားဟာ နတ်သမီးတစ်ထောင်နဲ့ ပန်းခူးနေပါတယ်။ သူက ကိုယ်တိုင် ခူးနေတာတော့မဟုတ်ပါဘူး။ နတ်သမီးငါးရာက ပန်းပင်ပေါ်တက်ပြီး ပန်းတွေခူးပြီး အောက်ပစ်ချ၊ အောက်မှာရှိတဲ့ နတ်သမီးငါးရာကကောက်ပြီး နတ်သားကို တန်ဆာဆင်ကြတာပါ။

သစ်ပင်ပေါ်မှာ ပန်းခူးနေတဲ့ နတ်သမီးတွေထဲက နတ်သမီးတစ်ပါးက နတ်သက်ကြွေပြီး လူ့ပြည်သွားဖြစ်ပါတယ်။ လူ့ပြည်မှာဖြစ်ပေမယ့် သူက ဇာတိဿရဉာဏ်ရပြီး လင်နတ်သားကို ပြန်သတိရနေပါတယ်။

ဒီတော့ ကုသိုလ်ပြုတိုင်း "နတ်သားနဲ့ပြန်ပေါင်းရပါလို၏"လို့ပဲ ဆုတောင်းပါတယ်။

၁၆ နှစ်အရွယ်ရောက်လို့ အိမ်ထောင်ကျပြန်တော့လည်း သူက မယားဝတ္တရားနဲ့လည်း ညီအောင်နေတယ်၊ ကြီးမားတဲ့ ကာမာဝစရကုသိုလ်တွေကိုလည်း နေ့စဉ်ပြုတယ်၊ ကုသိုလ်ပြုတိုင်းလည်း "ဤကုသိုလ်ကောင်းမှုကြောင့် ချစ်လင်နတ်သားနဲ့ ပြန်ပေါင်းရပါလို၏" လို့ပဲ ဆုတောင်းပါတယ်။

ဒီလိုနဲ့ သားလေးယောက်ရလာပါတယ်။

သားလေးယောက်ရပြီး တစ်နေ့မှာတော့ ကွယ်လွန်သွားပါတယ်။ ကွယ်လွန်သွားတော့ သူဆုတောင်းတဲ့အတိုင်း တာဝတိံသာ နတ်ပြည်မှာ နတ်သမီးပြန်ဖြစ်ပြီး ချစ်လင်နတ်သားနဲ့ ပြန်ပေါင်းသွားရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးကြားဖူးတဲ့ဝတ္ထုလေးပါ။

ဒီဝတ္ထုလေးကို အာရုံပြုပြီး မယားဝတ္ထုရား နဲ့လည်း ညီမယ်၊ ကြီးမားတဲ့ကာမာဝစရကုသိုလ်ကိုလည်း ပြုမယ်၊ ဆုလည်း တောင်းမယ်ဆိုရင် ကိုယ်ဖြစ်ချင် မျှော်လင့်တဲ့အတိုင်း ဖြစ်မှာပါပဲလေ။

အလင်းတန်းဂျာနယ်

၂၁ . ၈ . ၂၀၀၆






www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်ဝိပဿနာ(၄)

## သူမြင်းစီးတိုင်း ကိုယ်လှေမစီးပါနဲ့

ရှေ့ဆောင်းပါးမှာ အိမ်ထောင်ရေးအဆင်မပြေ ရင် တရားနဲ့ကွာမနေပါနဲ့လို့ ပြောခဲ့ပါတယ်။

ပြည့်စုံသွားအောင် သင်္ဂဇာဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပုံဝတ္ထုလေးနဲ့ နည်းနည်းလောက်ချဲ့ပြောလိုက်ပါရစေဦး။

အဆင်မပြေဖြစ်ပြီဆိုရင် တရားနဲ့ကွာမနေဖို့ သိပ်အရေးကြီးပါတယ်။

တကယ်လို့ ကိုယ်က တရားနဲ့ကွာသွားပြီဆိုရင် ကိုယ်ပဲနစ်နာရတော့မှာပါ။

ဒါနဲ့ပတ်သက်ပြီး သင်္ဂဇာဆရာတော်ဘုရားကြီးရဲ့ အဆုံးအမလေးကို ပြန်ပြောပြရအောင်ပါ။

သင်္ဂဇာဆရာတော်ဘုရားဆိုတာ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးလက်ထက်မှာ ပေါ်ထွန်းခဲ့တဲ့ ဆရာတော်ဘုရားပါ။



အားလုံးသိကြတဲ့အတိုင်း မင်းတုန်းမင်းကြီးမှာ မိဖုရား မောင်းမမိဿံတွေအများကြီးရှိသလို ညီတော်ကနောင်မင်းသားမှာလည်း မောင်းမ မိဿံတွေအများကြီးရှိပါတယ်။ ကနောင်မင်းသားက မောင်းမမိဿံတွေများတော့ လှိုင်ထိပ်ခေါင်တင်ဆီ သိပ်မလာတော့ပါဘူး။ ဒီတော့ လှိုင်ထိပ်ခေါင်တင်က ခံစားရပါတော့တယ်။ တစ်ခါမှာတော့ ဓားထုတ်ပြီးတောင် ကြိမ်းဖူးတယ်လို့ ဖတ်ရဖူးပါတယ်။

လှိုင်ထိပ်ခေါင်တင်မင်းသမီးက သူ့ဆီ ကနောင်မင်းသားမလာဘဲ မောင်းမမိဿံတွေဆီပဲ သွားနေတော့ သင်္ဂဇာဆရာတော်ဘုရားကို နန်းတော်ပင့်ပြီး ဆွမ်းကပ်ပါတယ်။ ဆွမ်းကပ်ပြီးတော့ လှိုင်ထိပ်ခေါင်တင် မင်းသမီးက –

"ဆရာတော်ဘုရား၊ မောင်တော်အိမ်ရှေ့မင်းသားဟာ မောင်းမအငယ်အနှောင်းတွေနဲ့ပဲ အချိန်ကုန်နေပါတယ်ဘုရား၊ ဒီလို အပြုအမူမျိုးဟာ မိန်းမတွေမှာပဲ အပြစ်ရှိနေသလို၊ ယောကျ်ားတွေမှာ အပြစ်မရှိသလိုမျိုး လုပ်နေပါတယ်ဘုရား၊ ဆရာတော်ဘုရား တပည့်ကို ဆုံးမပေးပါဦးဘုရား"လို့ လျှောက်ပါတယ်။

လှိုင်ထိပ်ခေါင်တင်မင်းသမီးက စကားလုံးမရှိအောင်သာ လျှောက်နေရတာ အမှန်လျှောက်ချင်တာကတော့ "တပည့်တော်နဲ့ အဆင်မပြေဘူးဘုရား၊ မောင်းမ

www.burmeseclassic.com

www.burmeseclassic.com



မိဿတွေဆီပဲ သွားနေတယ်ဘုရား"လို့ လျှောက်ပြချင်ပုံရပါတယ်။ ဆရာတော်ဘုရားကလည်း ဒါကိုရိပ်မိပုံပေါ်ပါတယ်။

ဒီတော့ သင်္ချာဆရာတော်ဘုရားက –

"အိမ်ရှေ့မိဖုရားကို ပြောရဦးမယ်၊ တစ်ဖက်သားရဲ့ အကုသိုလ်ကိုပြုံင်ပြီးများ မကျင့်လိုက်လေနဲ့၊ ကရင်မိုက်လေစီးသလို ဖြစ်နေလိမ့်မယ်"လို့ မိန့်လိုက်ပါတယ်။

လှိုင်ထိပ်ခေါင်တင်ကလည်း "ဆရာတော်ဘုရား ရှင်းပြပါဦးဘုရား"လို့ ပြန်လျှောက်လိုက်ပါတယ်။

ဒီတော့မှ သင်္ချာဆရာတော်ဘုရားက ပုံဝတ္ထုလေးနဲ့ အကျယ်ရှင်းပြပါတယ်။

"တစ်ခါတုန်းက ကရင်တစ်ယောက်ဟာ မြန်မာမိတ်ဆွေတစ်ယောက်ဆီကို မြင်းစီးပြီး အိမ်လည်သွားတယ်၊ မြန်မာမိတ်ဆွေ အိမ်ရောက်တော့ မြန်မာမိတ်ဆွေက ကရင်မိတ်ဆွေရဲ့မြင်းကြီးကိုကြည့်ပြီး "ကျွန်တော်စီးကြည့်ချင်တယ်ဗျာ"လို့ပြောတယ်၊ ကရင်မိတ်ဆွေကလည်း စီးပေါ့။ မြန်မာမိတ်ဆွေကလည်း ဟိုဘက်ရွာထိပ် ဒီဘက်ရွာထိပ် အပြန်ပြန်အလှန်လှန် စီးလိုက်တာ မြင်းခမျာ ဖတ်ဖတ်ကိုမောရောတဲ့။

ကရင်မိတ်ဆွေက သူ့မြင်းမောနေတာကို ကြည့်ပြီး "ဒင်းကိုလည်း ငါလက်စားပြန်ချေမှပဲ"ဆိုပြီး မြန်မာမိတ်ဆွေဆီမှာရှိတဲ့ လှေကို ဟိုဘက်ကမ်း ဒီဘက်ကမ်း အပြန်ပြန်အလှန်လှန် စီးပစ်လိုက်တယ်တဲ့။

အားရအောင်စီးပြီး လှေကမမောဘဲ ကိုယ်တိုင်ပဲ မောနေရတာဆိုတော့ ကရင်မိတ်ဆွေက ဘာပြောသလဲဆိုတော့ "နင့်ကို လက်စားချေတာ ငါပဲ မောရတယ်" လို့ ပြန်ပြောလိုက်တယ်တဲ့။

ဒီအတိုင်းပဲ အိမ်ရှေ့မိဖုရားရေ အိမ်ရှေ့မင်းမြင်းစီး များနေတာကို နင့်ကိုပြန်လက်စားချေမယ်ဆိုပြီး လှေများသွားမစီးလိုက်နဲ့ ကိုယ်ပဲ မောရလိမ့်မယ်"လို့ မိန့်ကြားလိုက်ပါတယ်။

သင်္ချာဆရာတော်ဘုရားရဲ့ စကားပုံတရားလေးကိုနာကြားပြီး အိမ်ရှေ့မိဖုရားကော ကျန်တဲ့အခြွေအရံပရိသတ်ပါ တသောသောရယ်ရင်း ကျေနပ်သွားကြပါသတဲ့။

သင်္ချာဆရာတော်ဘုရားရဲ့ ဆိုလိုချက်က အိုးပုံ့နဲ့ စလောင်းရွဲပုံစံမျိုး သူခြေလှမ်းပျက်တိုင်း ကိုယ်ကလိုက်မပျက်နဲ့၊ သူ ဖောက်ပြန်တိုင်း ကိုယ်က လိုက်မဖောက်ပြန်နဲ့လို့ ဆိုလိုတာပါ။ အဓိကကတော့ သူတစ်ပါးအကုသိုလ်ကို ကိုယ်ကပြိုင်ပြီး မကျင့်လိုက်ဖို့ပါပဲ၊ ဆရာတော်ဘုရားစကားနဲ့ ပြောရရင် သူမြင်းစီးများတာကို ကိုယ်ကပြိုင်ပြီး လှေမစီးလိုက်ဖို့ပါဘဲ။ ကိုယ်က ပြန်ရွဲ့ရင် ကိုယ်ပဲနစ်နာရမှာပါ။

ဒါကအချစ်နဲ့ ပတ်သက်လို့ အဆင်မပြေဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေအတွက် ပြောတာပါ။

လောကမှာ အချစ်နဲ့ပတ်သက်လို့ အဆင်မပြေတဲ့သူတွေရှိနေသလို အဆင်ပြေနေတဲ့သူတွေလည်း ရှိနေကြတာပါ။

အဆင်ပြေတယ်ဆိုတာ ကောင်းတာပါပဲ။ ဒါပေမယ့် ကိုယ့်ဇနီး ကိုယ့်ခင်ပွန်းကို သေခါနီးအထိ သံယောဇဉ်ရှိနေတာတော့ မကောင်းပါဘူး။ သေခါနီးပြီဆိုရင် သေဖို့လည်းသိနေပြီဆိုရင် သံယောဇဉ်အားလုံးကိုဖြတ်ပြီး ကိုယ်နဲ့သပ္ပါယသင့်တဲ့ တရားလေး တစ်ခုခုကို နှလုံးသွင်းနေရမှာပါ။

အဲဒီလိုမဟုတ်ဘဲ သံယောဇဉ်စိတ်၊ စွဲလမ်းစိတ်နဲ့ သေသွားရင် မကောင်းတဲ့ ဂတိတစ်ခုခုကို ရောက်သွားနိုင်ပါတယ်၊ ရောက်သွားတဲ့ သာဓကတွေလည်း စာထဲမှာ အများကြီးတွေ့ရပါတယ်။

ပေတဝတ္ထုထဲက အကြောင်းလေးနည်းနည်းလောက် ပြောပြရအောင်ပါ။

မြတ်စွာဘုရားလက်ထက်တော်က သူဌေးသားလင်မယားနှစ်ယောက်ရှိပါတယ်။ သူတို့ဟာ ဘာမှမလုပ်ဘဲ ထိုင်စားနေလိုက်ကြတာ နောက်ဆုံးတောင်းစားရတဲ့ဘဝ၊ သူခိုးတွေနဲ့ သွားပေါင်းရတဲ့ဘဝအထိ ရောက်သွားပါတယ်။

တစ်နေ့မှာ အိမ်တစ်အိမ်သွားခိုးတော့ သူဌေး



သားကို မိပါတယ်။ ဒီတော့ ထုံးစံအတိုင်း သေမိန့်ကျပြီး လူသတ်ကုန်းကို ကြိုးတုပ်ခေါ်လာပါတယ်။

ဒါကို သုလသာပြည့်တန်ဆာမကတွေ့သွားပြီး အတိတ်ရေစက်တစ်ခုကြောင့်ပဲ ရေနဲ့ကတွတ်မုန့်ကို သွားပေးပါတယ်။

သူဌေးသားသူခိုးလည်း အရှင်မဟာမောဂ္ဂလာန် ကြွလာတာနဲ့ ရေနဲ့ကတွတ်မုန့်ကို မစားတော့ဘဲ အရှင်မဟာမောဂ္ဂလာန်ကိုပဲ သဒ္ဓါထက်သန်စွာနဲ့ လှူလိုက်ပါတယ်။

ဒါပေမယ့် သူ့ကို ဦးခေါင်းဖြတ်သတ်တော့ သုလသာပြည့်တန်ဆာမကိုပဲ စွဲလမ်းစိတ်နဲ့ သေသွားပါတယ်။

စာထဲမှာတော့ အရှင်မဟာမောဂ္ဂလာန်ကို လှူလိုက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဒီကောင်းမှုကိုအာရုံပြုပြီးသေရင် နတ်ပြည်ခြောက်ထပ်မှာ ဖြစ်ရမှာပါတဲ့။ ဒါပေမယ့် သုလသာပြည့်တန်ဆာမကိုပဲ စွဲလမ်းစိတ်နဲ့ သေသွားရတဲ့အတွက် ညောင်ပင်ကြီးတစ်ပင်မှာ ရုက္ခစိုးနတ်ပဲ ဖြစ်သွားရရှာပါတယ်တဲ့။ ရုက္ခစိုးနတ်ဆိုပေမယ့်လည်း တန်ခိုးကြီးတဲ့နတ်ပါ။

ရုက္ခစိုးနတ်က သုလသာကို တန်ခိုးနဲ့ခေါ်ပြီး ခုနစ်ရက်ပေါင်းသင်းနေပါသေးတယ်၊ နောက်မှ သုလသာရဲ့အမေက လိုက်ရှာနေတဲ့အတွက် မြတ်စွာဘုရား တရားဟောနေတဲ့ ပရိသတ်အစွန်နားကို ပြန်ပို့ပေးလိုက်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းစိတ်ဟာ တမလွန်အတွက် ဆိုးကျိုးပဲဖြစ်စေတာတော့ အမှန်ပါပဲ။

ဇနီးခင်ပွန်းတွေဟာ တစ်သက်လုံး ချစ်ချစ်ခင်ခင်နဲ့ ပေါင်းလာရတာဆိုတော့ သံယောဇဉ်စိတ်၊ စွဲလမ်းစိတ်တွေကတော့ ရှိနေကြမှာပါပဲ။ ဒါပေမယ့် သေခါနီးပြီဆိုရင်တော့ ကိုယ့်ရဲ့သံယောဇဉ်စိတ်၊ စွဲလမ်းစိတ်တွေကို ဖြတ်ချထားပြီး ကိုယ်လေ့ကျက်ခဲ့တဲ့ တရားလေးကိုသာ နှလုံးသွင်းနေရမှာပါ။

တကယ်လို့ သံယောဇဉ်စိတ်၊ စွဲလမ်းစိတ်နဲ့ သေသွားလို့ မကောင်းတဲ့ဂတိကို ရောက်သွားတယ်ဆိုပါစို့။

မကောင်းတဲ့ဂတိကို ရောက်သွားပြီဆိုရင် ကိုယ့်အတွက်လည်း အကျိုးမရှိ၊ ကျန်ခဲ့တဲ့မိသားစုအတွက်လည်း အကျိုးမရှိဖြစ်ရတာပါ။ မကျွတ်ခဲ့လို့ ဆွမ်းသွတ်ပေးပေးနေရတော့ ကျန်ခဲ့တဲ့မိသားစုမှာလည်း စိတ်မကောင်းဖြစ်ဖြစ်နေရသလို သေသွားတဲ့သူကလည်း တမလွန်ကနေကြည့်ပြီး အပြန်အလှန် စိတ်မကောင်းဖြစ်နေကြရမှာပါ။ စွဲလမ်းစိတ်ဟာ သေသူအတွက်လည်း အကျိုးမရှိ၊ ရှင်နေသူအတွက်လည်း အကျိုးမရှိဖြစ်ရတာပါ။ သေသွားတဲ့သူ ကောင်းတဲ့ဂတိရောက်သွားတယ်ဆိုရင် ကျန်ခဲ့တဲ့သူတွေလည်း ဝမ်းမြောက်ရမှာပါ။ ကိုယ်က ဒီအကျိုးအပြစ်ကလေးတွေကို သဘောပေါက်ထားဖို့ပါပဲ။

အဓိကကတော့ သေခါနီးပြီဆိုရင် အချစ်တွေကို



ရပ်ချထားလိုက်ရတော့မှာပါ။ ကိုယ့်တရားလေးကိုပဲ ကိုယ်အာရုံပြုနေရမှာပါ။

ကိုယ်ပြုခဲ့တဲ့ဒါနကိုပဲ အာရုံပြုပြု၊ ကိုယ်ဆောက်တည်ခဲ့တဲ့ သီလကိုပဲ အာရုံပြုပြု၊ ကိုယ်ပွားများခဲ့တဲ့သမထကမ္မဋ္ဌာန်း တစ်ခုခုကိုပဲ အာရုံပြုပြု၊ ဝိပဿနာတရားကိုပဲ အာရုံပြုပြု ကိုယ်နှစ်သက်ရာကို အာရုံပြုနေရမှာပါ။ အကောင်းဆုံးကတော့ ဝိပဿနာတရားကို အာရုံပြုနေတာတော့ အကောင်းဆုံးပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဝိပဿနာတရားကတော့ အဆင့်အမြင့်ဆုံး ကုသိုလ်ဖြစ်နေလို့ပါ။

ဘာပဲပြောပြော ရေးနေတဲ့ခေါင်းစဉ်အတိုင်းပြောရရင် အချစ်နဲ့မသေဘဲ ဝိပဿနာနဲ့ သေလိုက်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်

၂၈ . ၈ . ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com








# အချစ်နှင့်ဝိပဿနာ(၅)

## အချစ်မှတစ်ဆင့် နိဗ္ဗာန်သို့

ရှေ့က ပြောခဲ့တာတွေထောက်ပြီး အချစ်ဟာ ကောင်းလားလို့ဆိုရင် မကောင်းဘူးလို့ ပြောရမှာပါပဲ။

ဒါပေမယ့် အချစ်ကြောင့်ပဲ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို ရနိုင်ပါတယ်တဲ့။

ဒီလိုပြောတော့ စာဖတ်သူက ချက်ချင်းလက်ခံချင်မှ လက်ခံနိုင်မှာပါ။

ပဋ္ဌာန်း ဥပနိဿယပစ္စည်းကို ပြန်အာရုံပြုကြည့်လိုက်ပါ။

အကုသလောဓမ္မော ကုသလဿဓမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။

အကုသိုလ်တရားက ကုသိုလ်တရားကို ပြန်ကျေးဇူးပြုပါတယ်တဲ့။

အကုသိုလ်က ကုသိုလ်ကို ပြန်ကျေးဇူးပြုတယ်ဆိုတော့ ဖတ်ရသူတွေအဖို့ အံ့သြစရာဖြစ်နေပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကျေးဇူးပြုသလဲဆိုတာ မြတ်စွာဘုရားရှင်က ဆက်ဟောပြထားပါတယ်။

ရာဂုပနိဿာယ ဒါနံဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။

ရာဂံ၊ အချစ်ဆိုတဲ့ ရာဂကို။ ဥပနိဿာယ၊ အကြောင်းပြု၍။ ဝါ၊ အမှီပြု၍။ ဒါနံ၊ ဒါနကို။ ဒေတိ၊ ပေးလှူ၏။ သီလံ၊ သီလကို။ သမာဒိယတိ၊ ဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်နေ့မှာ စောင့်ထိန်းရတဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလ စောင့်ထိန်းမှုကို။ ကရောတိ၊ ပြု၏။ ဈာနံ၊ ဈာန်ရကြောင်း သမထကမ္မဋ္ဌာန်းတစ်ခုခုကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ မဂ္ဂံ၊ မဂ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ အဘိညံ၊ အဘိညာဉ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သမာပတ္တိံ၊ သမာပတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။

အဓိပ္ပါယ်ကတော့ အချစ်ဆိုတဲ့ရာဂကို အမှီပြုပြီး ဒါနတွေပြုမယ်၊ သီလတွေ ဆောက်တည်မယ်၊ ဥပုသ်နေ့မှာ စောင့်ထိန်းရတဲ့ ရှစ်ပါးသီလ၊ ကိုးပါးသီလကို စောင့်ထိန်းမယ်၊ ဈာန်ရကြောင်း သမထကမ္မဋ္ဌာန်းတစ်ခုခုကို ပွားများမယ်။ ဝိပဿနာတရားကို ပွားများမယ်။

ဒါဆိုရင်တဲ့၊ မဂ်လည်း ရနိုင်ပါတယ်၊



အဘိညာဉ်လည်း ရနိုင်ပါတယ်၊ သမာပတ်လည်း ရနိုင်ပါတယ်တဲ့။

ဒီအတိုင်းပြောရင် ရှင်းမှာမဟုတ်ပါဘူး၊ ပုံဝတ္ထုလေးနဲ့ တွဲပြောပြလိုက်ရင် ပိုရှင်းသွားပါလိမ့်မယ်။

ဒီပါဠိအဓိပ္ပါယ်နဲ့ပတ်သက်ပြီး ရှေးဆရာတော်ဘုရားတွေက သုမေဓာရှင်ရသေ့ဝတ္ထုလေးနဲ့ ယှဉ်ပြီး ပြောပြလေ့ရှိပါတယ်။

ဒါကြောင့် အာရုံနှိုးတဲ့အနေနဲ့ အားလုံးကြားဖူးတဲ့ သုမေဓာရှင်ရသေ့ဝတ္ထုလေးကို ပြန်အာရုံပြုကြည့်ရအောင်ပါ။

ဒီပင်္ကရာမြတ်စွာဘုရားကြွလာမယ့်လမ်းမှာ ဝိုင်းပြီး လုပ်အားပေးကြတော့ သုမေဓာရှင်ရသေ့လေးကလည်း ဝင်ပြီး လုပ်အားပေးပါတယ်။

နောက်ဒီပင်္ကရာမြတ်စွာဘုရားရှင် ကြွလာတော့ သုမေဓာရှင်ရသေ့လေးက သူတာဝန်ယူထားတဲ့ မြေကွက်က မပြီးသေးတာနဲ့ ခန္ဓာကိုယ်ကို တံတားအဖြစ်ခင်းပြီး လှူလိုက်ပါတယ်။

အဲဒီအချိန်မှာပဲ သုမိတ္တာဆိုတဲ့ အမျိုးသမီးလေးက ရသေ့လေးကို မြင်မြင်ချင်း သံယောဇဉ်ဖြစ်ပြီး ချစ်သွားပါသတဲ့။

သုမိတ္တာဆိုတဲ့ အမျိုးသမီးလေးရဲ့ လက်ထဲမှာ ဒီပင်္ကရာမြတ်စွာဘုရားကို ကပ်လှူဖို့ ကြာပန်းရှစ်ခိုင်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ထားပါတယ်။ မြင်မြင်ချင်းချစ်တဲ့စိတ် ဖြစ်သွားတာဆိုတော့ ကိုင်ထားတဲ့ကြာပန်းရှစ်ခိုင်ထဲက ငါးခိုင်ကိုခွဲထုတ်ပြီး သုမေဓာရှင်ရသေ့လေးကို "ဒီကြာပန်း လေးတွေနဲ့ မြတ်စွာဘုရားကို လှူပါနော်"လို့ ပြောပြီး ပေးလိုက်ပါတယ်။ သူကတော့ သုံးခိုင်ပဲယူထားလိုက်ပါတယ်။

ပြီးတော့ "အရှင်ရသေ့ပါရမီတွေ ဖြည့်ကျင့်နေသမျှ ကာလအတောအတွင်း ကျွန်မသည် အရှင်ရသေ့နဲ့ အတူတကွ ပါရမီဖြည့်ဖက်ဖြစ်ရပါလို၏"လို့ ဆုတောင်းလိုက်ပါတယ်။ ဒီဘဝအတွက် ဆုတောင်းတာမဟုတ်ပါဘူး။ နောက်ဘဝ နောက်ဘဝတွေအတွက် ဆုတောင်းတာပါ။ ရသေ့ဖြစ်နေတာဆိုတော့ ဒီဘဝအတွက်တော့ မဖြစ်နိုင်တော့ပါဘူး။ ဒီပင်္ကရာ မြတ်စွာဘုရားရှင်ကလည်း "သုမေဓာရှင်ရသေ့ . . ဒီသုမိတ္တာအမျိုးသမီးလေးဟာ သင်ဘုရားဖြစ်ဖို့ရန် စိတ်တူကံတူ ပါရမီဖြည့်ဖက်ဖြစ်လိမ့်မယ်"လို့ တစ်ခါတည်း ဗျာဒိတ်ပေးလိုက်ပါတယ်။ ဘာပဲပြောပြော ကျန်တဲ့ ဆုမတောင်းဘဲ ချစ်တဲ့စိတ်ဖြစ်ပြီး ပါရမီဖြည့်ဖက်ဆုပဲတောင်းလိုက်တော့ သုမိတ္တာအတွက် မှန်ကန်အကျိုးရှိတဲ့ ဆုတောင်းတစ်ခုဖြစ်သွားတာတော့ အမှန်ပါပဲ။

သုမိတ္တာဆိုတဲ့ အမျိုးသမီးလေးဟာ အချစ်ဆိုတဲ့ ရာဂကို အမှီပြုပြီး၊ သုမေဓာရှင်ရသေ့လေးကို အမှီပြုပြီး သံသရာမှာ ပါရမီဖြည့်ဖက်အဖြစ် ကျင်လည်ရင်း ဒါန



တွေပြု၊ သီလတွေဆောက်တည်၊ သမထတွေပွားများ၊ နောက်ဆုံးဘဝမှာ ဝိပဿနာတရားတွေ ပွားများအားထုတ်ရင်း အရဟတ္တမဂ် အရဟတ္တဖိုလ်ရသွားရပါတော့တယ်။

ဒါဟာ အချစ်ဆိုတဲ့ ရာဂကို အမှီပြုပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်ရသွားတဲ့ ထင်ရှားတဲ့ သာဓကတစ်ခုပါ။ အချစ်က နိဗ္ဗာန်ရဖို့ ကျေးဇူးပြုလိုက်တာပါ။

ဇနီးမောင်နှံနှစ်ယောက် အိမ်ထောင်ပြုကြတယ်ဆိုတာ ရာဂကို အမှီပြုပြီး ပြုကြတာပါပဲ။ ဒါပေမယ့် ကိုယ်က အဲဒီရာဂကိုပဲ အမှီပြုပြီး ဒါနတွေပြုဖြစ်အောင် သီလတွေဆောက်တည်ဖြစ်အောင် ဝိပဿနာတွေ ပွားများဖြစ်အောင် သုမေဓာရှင်ရသေ့နဲ့ သုမိတ္တာ အမျိုးသမီးလေးတို့ကို အာရုံပြုပြီး ကြိုးစားရပါမယ်။

ဥပမာ – ကိုယ့်ခင်ပွန်းက အပြင်ထွက်ပြီး စီးပွားရှာနေမယ်၊ ရှာလို့ရလာတဲ့ ငွေကြေးတွေကို ဒါနတွေပြုပေးမယ်၊ ခင်ပွန်းမွေးနေ့မှာ ကုသိုလ်ကောင်းမှုတစ်ခုခုပြုပေးမယ်၊ မွေးနေ့မှာ နှစ်ယောက်အတူတူ ဘုရားသွားမယ်၊ တရားပွဲတွေ အတူတူသွားမယ်၊ မင်္ဂလာဆယ်နှစ်မြောက်၊ ဆယ့်ငါးနှစ်မြောက်စသည် အထိမ်းအမှတ်အဖြစ် ဒါနတွေပြုမယ်။ ရက်အားရက်တွေမှာ ရိပ်သာကို တစ်လှည့်၊ ဒါမှမဟုတ် နှစ်ယောက်အတူတူ ရိပ်သာဝင်တရားအားထုတ်မယ်၊ ဒါတွေဟာ အချစ်ကို အမှီပြုပြီး ကုသိုလ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာပါ။ နောက်တစ်ခုက ကိုယ့်ခင်ပွန်းအပြင်သွားပြီး အလုပ်လုပ်နေတဲ့အချိန်မှာ ကိုယ့်ခင်ပွန်းအတွက် ဘုရားမှာ ပန်းကပ်၊ ရေကပ်ပေးမယ်။ ပြီးတော့ "ဤရေအေးမြသလို ကိုကိုလည်း စိတ်ကောရုပ်ကော အေးမြပါစေ"လို့ မေတ္တာပို့ပေးနေမယ်ဆိုရင်လည်း အချစ်ဆိုတဲ့ ရာဂကို အမှီပြုပြီး ကုသိုလ်တွေဖြစ်နေတာပါ။ ပဋ္ဌာန်းစကားနဲ့ပြောရရင် ဥပနိဿယပစ္စည်းနဲ့ အပြန်အလှန် ကျေးဇူးပြုနေကြတာပါ။

ကုသိုလ်ကောင်းမှုတွေကို အတူတူပြုနေတဲ့အတွက် နောက်ဘဝ နောက်ဘဝတွေအတွက်လည်း ရေစက်ဆုံကြရဦးမှာပါ။

တကယ်လို့ အိမ်ထောင်မပြုသေးတဲ့ သမီးရည်းစားဘဝမှာပဲ ရှိနေသေးတယ်ထားပါဦး။

ချစ်သူတို့သဘာဝအရ ရွှေတိဂုံဘုရားကို သွားမယ်၊ ဘုရားမှာ ပန်းကပ်မယ်၊ ရေကပ်မယ်၊ ရွှေသင်္ကန်းကပ်မယ်၊ ဘုရားရှိခိုးမယ်ဆိုပါစို့။ သွားတုန်းက ရာဂကို အမှီပြုပြီး သွားကြတာပါပဲ။ ဒါပေမယ့် ဘုရားပေါ်ရောက်တော့ ကုသိုလ်တွေပြုဖြစ်သွားပါတယ်။ ဒါဟာလည်း အချစ်ကို အမှီပြုပြီး ကုသိုလ်တွေဖြစ်နေတာပါပဲ။

သွားတုန်းကတော့ ရာဂကို အမှီပြုပြီး သွားပေမယ့် ရာဂအဆင့်မှာပဲ ရပ်မနေဘဲ တစ်ဆင့်တက်ပြီး ကုသိုလ်တွေပြုလိုက်တော့ အချစ်ကနေ ကုသိုလ်ကို



ကျေးဇူးပြုသွားတာပါ။

"ဟယ် . . ရာဂဆိုတာ အကုသိုလ်ကြီး"ဆိုပြီး နှင်းကန်အပြစ်တင်နေရမှာ မဟုတ်ပါဘူး။ အဲဒီ အကုသိုလ်ဆိုတဲ့ ရာဂကိုပဲ အမှီပြုပြီး အရဟတ္တမဂ် အရဟတ္တဖိုလ်ရနိုင်တယ်ဆိုတာ ကိုယ်က သဘောပေါက် ထားဖို့ပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ရာဂကို အမှီပြုပြီး တစ်ဆင့်တက်ရမှာကို မတက်ဘဲ ရာဂနဲ့ပဲ ရပ်နေမယ်၊ အချစ်နဲ့ပဲ ရပ်နေမယ်ဆိုရင်တော့ ဘယ်အရဟတ္တမဂ် အရဟတ္တဖိုလ်ရမှာလဲ။

ဒီတော့ ဇနီးမောင်နှံနှစ်ယောက်ဟာ အချစ်ဆိုတဲ့ ရာဂကို အမှီပြုပြီး အကုသိုလ်ကနေ ကုသိုလ်ကို တစ်ဆင့်တက်တဲ့ ဥပနိဿယပစ္စည်းတွေ ဖြစ်နေဖို့ပဲ အရေးကြီးပါတယ်။ ပြီးတော့ ဒီဥပနိဿယပစ္စည်းတွေဟာ နောက်ဘဝ နောက်ဘဝတွေအထိလည်း လိုက်ပြီး ကျေးဇူးပြုနေဦးမှာပါ။ နောက်ဆုံး နိဗ္ဗာန်ရတဲ့အထိ ကျေးဇူးပြုသွားမှာပါ။

တစ်ခါတုန်းက ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ချစ်ရေးဆိုပါသတဲ့။ ကောင်မလေးက မဟာစည်ရိပ်သာမှာ ဉာဏ်စဉ်နှာပြီးသားပါ။ အခါအခွင့်သင့်တိုင်းလည်း ရိပ်သာမှာ မကြာခဏတရားဝင်နေတဲ့ ယောဂီပါ။ ဒီတော့ ကောင်မလေးက ဘာပြန်ပြောသလဲဆိုတော့ "ရိပ်သာမှာ ဉာဏ်စဉ်ရအောင် တရား

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ပါ၊ ဉာဏ်စဉ်ရရင် "သူ"လိုချင်တဲ့ အဖြေပေးမယ်"လို့ ပြောလိုက်ပါသတဲ့။

ကောင်လေးကလည်း ရိပ်သာဝင်ပြီး တရားအားထုတ်ပါတယ်၊ ဉာဏ်စဉ်နာခွင့်ရဖို့ဆိုရင် (၄၅)ရက်အားထုတ်ရပါတယ်။ ကောင်လေးက နောက်က တွန်းအား မျှော်လင့်ချက်တွေနဲ့ဆိုတော့ ကြိုးကြိုးစားစား အားထုတ်ပါတယ်။ အားထုတ်ရင်း အားထုတ်ရင်း ထိုက်သင့်တဲ့ ဉာဏ်စဉ်လေးတွေ ဝင်လာတော့ တရားရဲ့အရသာကို ကိုယ်တိုင်ခံစားသိလာရပါတယ်။ (၄၅)ရက်ပြည့်တော့ ဉာဏ်စဉ်နာခွင့် ရသွားပါတယ်။

တရားအားထုတ်ပြီးစ၊ ဉာဏ်စဉ်နာပြီးစဆိုတော့ မျက်နှာလေးက အရင်ကထက်ပိုပြီး ကြည်လင်ဝင်းပနေပါတယ်။ ကြည်လင်ဝင်းပနေတဲ့ ကောင်လေးကို ကောင်မလေးက "ချစ်တယ်"ဆိုတဲ့အဖြေကို တစ်ခါတည်းပေးလိုက်ပါသတဲ့။

ဒီလိုနဲ့ သူတို့နှစ်ယောက် ညားသွားတာ အခုဆိုကလေးသုံးယောက်တောင် ရနေပါပြီ။ ကောင်မလေးဖြစ်သူက ကလေးသုံးယောက်နဲ့ အိမ်မှုကိစ္စတွေ ရှုပ်နေတဲ့အတွက် တရားတောင်ကောင်းကောင်း အားမထုတ်နိုင်တော့ပါဘူး။ အမျိုးသားကောင်လေးကသာ ရိပ်သာကို မကြာခဏ ဝင်ဝင်အားထုတ်ဖြစ်နေတာပါ။

ဒါလည်း အချစ်က ကျေးဇူးပြုလိုက်တာပါပဲ။



တကယ်လို့ ကိုယ့်ကို ကောင်လေးတစ်ယောက်ယောက်ကများ အဖြေလာတောင်းလာရင် "ဉာဏ်စဉ်ရမှ အဖြေပေးမယ်"လို့သာ ပြောပစ်လိုက်ပါ။

နှစ်ယောက်အတူ တရားရိပ်သာဝင်ထားကြတာဆိုတော့ တရားအသိလေးတွေနဲ့ ဘဝကို အဓိပ္ပါယ်ရှိရှိ ငြိမ်းငြိမ်းချမ်းချမ်းလေး တည်ဆောက်သွားလို့ရပါတယ်။ နှစ်ယောက်လုံး တရားအသိရှိထားတဲ့သူတွေဆိုတော့ အမှားပြုဖို့လည်း ခဲယဉ်းကြပါတယ်။

ဘာပဲပြောပြော ဇနီးမောင်နှံနှစ်ယောက် ပဋိပက္ခ ဥပနိဿယပစ္စည်းတွေ နေ့စဉ်ဖြစ်ဖြစ်နေဖို့ပါပဲ။ ဒါဆိုရင် အမှားနည်းတဲ့ "ရာသက်ပန်ငြိမ်းချမ်းတဲ့ဘဝ"လေးဖြစ်နေတော့မှာပါ။

အလင်းတန်းဂျာနယ်
၄ . ၉ . ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com








# အချစ်နှင့်ဝိပဿနာ(၆)

## အကုသိုလ်ဖြစ်သွားသောအချစ်

အချစ်ဟာ မင်္ဂလာဖိုလ်နိဗ္ဗာန်ကို ကျေးဇူးပြုသလို ဆိုးကျိုးဆိုးပြစ်အတွက်လည်း ကျေးဇူးပြုတတ်ပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ကြောင့် အကုသိုလ်ပြု ဖြစ်သွားလို့ပါ။ ဒါကိုလည်း ပဋ္ဌာန်းကပဲ ပြထားပါတယ်။

အကုသလောဓမ္မော အကုသလဿဓမ္မဿ ဥပနိဿယပစ္စယေနပစ္စယော။

အကုသိုလ်က အကုသိုလ်ကို ပြန်ကျေးဇူးပြုပါတယ်တဲ့။

ဘယ်လိုပြုတာလဲဆိုတော့ –

ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ . . . . ။

အချစ်ဆိုတဲ့ ရာဂကို အမှီပြုပြီး အချစ်အတွက် သူတစ်ပါးအသက်ကိုသတ်မယ်၊ သူတစ်ပါးဥစ္စာကိုခိုးမယ်၊

www.burmeseclassic.com

www.burmeseclassic.com



လိမ်ပြောမယ်၊ ကုန်းတိုက်စကားကိုပြောမယ်၊ ကြမ်းတမ်းတဲ့စကားကိုပြောမယ် စသည်တွေ ပြုမိမယ်,ပြောမိမယ်ဆိုရင် အချစ်ကနေ ကုသိုလ်မဖြစ်ဘဲ အကုသိုလ်ဖြစ်သွားတာပါ။

ပေါ်လွင်အောင် နည်းနည်းချဲ့ပြောရရင် ကိုယ့်ရဲ့ ဇနီးမယား စားဖို့ သောက်ဖို့ ဝတ်ဖို့ နေဖို့ ထိုင်ဖို့ စီးဖို့ အတွက် သူတစ်ပါး အသက် သတ်မယ်၊ မသမာတဲ့နည်းနဲ့ စီးပွားရှာမယ်၊ လာဘ်စားမယ်၊ အောက်စိုက်ရှာမယ်၊ လိမ်ပြောမယ်ဆိုရင် အချစ်ကြောင့် အကုသိုလ် ဖြစ်သွားတာပါ။

ဌာနဆိုင်ရာတွေမှာ ငွေအလွဲသုံးစားလုပ်လို့ ထောင်ကျသွားတာတွေ၊ အလုပ်ပြုတ်သွားတာတွေ ကြားရသိရဖူးမှာပါ။

လာဘ်စားတယ်၊ အောက်စိုက်ရှာတယ်၊ ငွေအလွဲသုံးစားလုပ်တယ်ဆိုတာတွေဟာ တကယ်တော့ ကိုယ်တစ်ဦးတစ်ယောက်ထဲ စားဖို့ သောက်ဖို့ ဘယ်သူမှမလုပ်ကြပါဘူး။ ကိုယ့်ချစ်သူ ဇနီးမယားအတွက် လုပ်ဖြစ်သွားတာ များပါတယ်။

တကယ် သေချာစဉ်းစားကြည့်ရင် အကုသိုလ်ပြုရတော့ ကိုယ်တစ်ယောက်ထဲ၊ ခံစားတော့ ကိုယ်ချစ်ရသူတွေ၊ လောကပြစ် သံသရာပြစ်ခံရတော့ ကိုယ်တစ်ယောက်ထဲ၊ ကိုယ့်ဘက်က အရှုံးချည်းပါပဲ။



ဒါပေမယ့် အချစ်ဆိုတဲ့ ရာဂက ပူးဝင်ထားတာဆိုတော့ ကုသိုလ် အကုသိုလ်ကို ခွဲမသိနိုင်တော့ပါဘူး။ ချစ်ချစ်အတွက်ဆို ဘာပဲလုပ်ရလုပ်ရ၊ သူတစ်ပါး အသက်ပဲ သတ်ရသတ်ရ၊ သူတစ်ပါးဥစ္စာပဲ ခိုးရခိုးရ လုပ်တော့မှာပါ။

အဓိကကတော့ အချစ်အတွက် အပြစ်တွေ လုပ်ဖြစ်သွားကြတာပါ။

ဒါနဲ့ပတ်သက်ပြီး အတွေးထဲမှာ ငါးရာ့ငါးဆယ်ဇာတ်တော်ထဲက ပုပ္ဖရတ္တဇာတ်ကလေးကို သွားသတိရမိလိုက်ပါတယ်။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုနေတဲ့အချိန်, ဘုရားအလောင်းတော်က အာကာသစိုးနတ်ဖြစ်နေတဲ့အချိန်, မြို့ကို နတ်မြို့တစ်မြို့လို တန်ဆာဆင်ပြီး တန်ဆောင်မုန်းလ နက္ခတ်ပွဲသဘင်ကျင်းပနေကြပါတယ်။ ဒီတော့ မြို့သူမြို့သားတွေကလည်း အကောင်းဆုံး အဝတ်အစားတွေဝတ်ပြီး ပွဲသဘင်မှာ လှည့်လည်ပျော်ပါးနေကြပါတယ်။

အဲဒီမြို့မှာ ဆင်းရဲသား လင်မယားနှစ်ယောက်ကလည်း ရှိနေပါတယ်။ သူတို့မှာ အဝတ်ဖြူတစ်စုံပဲ ရှိပါတယ်။ ယောကျ်ားလုပ်သူက အဝတ်ဖြူလေးကို ကိုယ်တိုင်လျှော်ပြီး ခေါက်ထားပေးပါတယ်။

အပြင်မှာ ပျော်ပါးနေကြတော့ မိန်းမလုပ်သူက

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလုပ်သူကို စကားစပါတယ်။

"မောင်ရယ်၊ ဝတ်ပန်းဆိုးအဝတ်ကိုဝတ်ပြီး မောင့်လည်ပင်းကိုဖက်ပြီး လည်ချင်တယ်"

"အို . . မိန်းမကလည်း ငါတို့မှာ ဝတ်ပန်းဆိုး အဝတ်မှမရှိဘဲ အဝတ်ဖြူပဲရှိတာ၊ ရှိတဲ့အဝတ်ဖြူဝတ်ပြီး လည်ကြတာပေါ့"

"ဝတ်ပန်းဆိုးအဝတ်မှ မဝတ်ရရင် ပွဲလည်း မသွားတော့ဘူး။ ရှင်ပဲ မိန်းမတစ်ယောက်ကိုခေါ်ပြီး သွားသေတော့"

မိန်းမလုပ်သူက အဲဒီလိုပြောလိုက်တော့ ယောကျ်ားလုပ်သူက တော်တော်လေး စိတ်ဆင်းရဲသွားရပါတယ်။

"မိန်းမရယ် ငါ့ကို စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့။ ငါတို့မှာ ဝတ်ပန်းဆိုးအဝတ်မှမရှိဘဲ ဘယ်ကရမှာလဲ"

"ဘုရင်စိုက်ထားတဲ့ ဝတ်ပန်းပင်တွေရှိတယ် မဟုတ်လား၊ အဲဒီစိုက်ခင်းထဲက သွားခူးပေါ့"

"အဲဒီဘုရင်ရဲ့ ဝတ်ပန်းစိုက်ခင်းက ဘီလူးစောင့်တဲ့ ရေကန်လိုပဲ အစောင့်တွေအများကြီးပဲ။ ဘယ်လိုလုပ်သွားခူးမှာလဲ"

"အို . . ညမှာ သွားခူးရင် ဘယ်သူမှမမြင်ပါဘူး"

ဒီလိုနဲ့ သူဆင်းရဲယောကျ်ားလည်း မိန်းမလုပ်သူ ဝတ်ဖို့ ဘုရင့်ဝတ်ပန်းစိုက်ခင်းထဲကို သွားရပါတော့တယ်။



တစ်ခါမှလည်း မခိုးဖူးတော့ စိုက်ခင်းထဲရောက်တာနဲ့ မိပါလေရော။

မိတော့ ဘုရင့်ဆီပို့၊ ဘုရင်က တံကျင်လျှိုသတ်ဖို့ အမိန့်ချလိုက်ပါတယ်။

ဒါကြောင့် ဆင်းရဲသားသူခိုးကို လူသတ်ကုန်းမှာ တံကျင်လျှိုထားလိုက်ပါတယ်။

ဒီတော့ ကျီးတွေက သူဆင်းရဲသူခိုးရဲ့ ခေါင်းပေါ်မှာနားပြီး မျက်[illegible]ပါတယ်။

သူဆင်းရဲသူခိုးငမိုက်သားကတော့ တံကျင်လျှိုထားတဲ့ဒဏ်ရာ၊ ကျီးထိုးနေတဲ့ဒဏ်ရာတွေကို အာရုံမပြုနိုင်ဘဲ အိမ်မှာကျန်ခဲ့တဲ့ မိန်းမကိုပဲ သတိရပြီး "ငါ့မိန်းမတော့ ဝတ်ပန်းဆိုးအဝတ်ကလေးဝတ်ပြီး ငါ့လည်ပင်းကိုဖက်ပြီး ပွဲသဘင်မှာ မလည်ရတော့ဘူး"လို့ တွေးပြီး စိတ်ဆင်းရဲနေပါသတဲ့။

ပြီးတော့ ဂါထာတစ်ပုဒ်နဲ့ စကားပြောပါတယ်။

"ကျီးထိုးနေတဲ့ဒဏ်ရာ၊ တံကျင်လျှိုထားတဲ့ဒဏ်ရာက ငါ့အတွက်မဆင်းရဲပါဘူး၊ ဝတ်ပန်းဆိုးအဝတ်နဲ့ မောင်နှံစုံလည်ချင်တဲ့ မိန်းမအတွက် အလွဲကြီးလွဲသွားတာက ပိုခံစားရပါတယ်"

သူဆင်းရဲယောကျ်ားလည်း အိမ်မှာကျန်ခဲ့တဲ့ မိန်းမကို အာရုံပြုပြီး သေသွားပါတယ်။ သေတော့ ငရဲကျသွားရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက အချစ်ကြောင့် အကုသိုလ်ပြုဖြစ်ရင်း ငရဲကျသွားရတာပါ။ ငရဲမှာ အချစ်ကြောင့် ကျနေရတဲ့သူတွေ ဘယ်လောက်များ ရှိနေမလဲ မသိပါဘူး။ ကိုယ်က မသိရလို့ရယ်ပါ။ ငရဲရောက်ကာမှ နောင်တရလို့လည်း အပိုပါပဲ။

အချစ်မှာအသိဉာဏ်ရှိတဲ့အချစ်ရယ်၊ အသိဉာဏ်မဲ့တဲ့အချစ်ရယ်ဆိုပြီး နှစ်မျိုးရှိပါတယ်။

အသိဉာဏ်ရှိတဲ့ အချစ်တွေနဲ့ ချစ်ကြတဲ့သူတွေကတော့ မိန်းမက ယောကျ်ားကို ကုသိုလ်ပြုဖို့ တိုက်တွန်းပါတယ်။ ယောကျ်ားကလည်း မိန်းမကို ကုသိုလ်ပြုဖို့ ပြန်တိုက်တွန်းပါတယ်။ ယောကျ်ားဖြစ်သူက တစ်ခါတလေ မသမာတဲ့နည်းနဲ့ စီးပွားရှာချင်ဦးတော့ မိန်းမဖြစ်သူက အကျိုးသင့်အကြောင်းသင့် ပြောပြပြီး တားမြစ်ပါတယ်။ ပြီးတော့ ဇနီးမောင်နှံနှစ်ယောက် ကုသိုလ်တွေကို စိတ်တူကိုယ်တူပြုပြီး ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းနေကြပါတယ်။ အသိဉာဏ်ရှိတဲ့အချစ်နဲ့ ချစ်ကြတဲ့အတွက် သူတို့ဘဝဟာ သိပ်ပြီးငြိမ်းချမ်းနေပါတယ်။ ဘဝရဲ့ အခိုက်တွေထဲမှာ ငြိမ်းချမ်းဖို့ကလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါပါတယ်။ ငြိမ်းချမ်းနေရင် ဘဝက နေပျော်ပါတယ်။

အသိဉာဏ်မဲ့တဲ့အချစ်နဲ့ ချစ်ကြတဲ့သူတွေကတော့ မိန်းမက ယောကျ်ားဖြစ်သူကို အကုသိုလ်ပြုဖို့



တိုက်တွန်းပါတယ်။ ယောကျ်ားဖြစ်သူကလည်း ဘာမှစဉ်းစားမနေတော့ဘဲ အကုသိုလ်ကိုပြုပါတယ်။ ကိုယ်ပြုမှုနေတာတွေကိုလည်း အကုသိုလ်ရယ်လို့ မသိပါဘူး။ ဒီအတွက် သူတို့ဘဝမှာမငြိမ်းချမ်းမှုက မသိမသာ ကပ်ကပ်နေတတ်ပါတယ်။

အချစ်ကြောင့် အကုသိုလ်ပြုကြတဲ့နေရာမှာ ပညာတတ်တာ မတတ်တာနဲ့လည်း မဆိုင်ပါဘူး။ အသက်ကြီးတာ ငယ်တာနဲ့လည်း မဆိုင်ပါဘူး။ ရာထူးဌာနန္တရကြီးတာ မကြီးတာနဲ့လည်း မဆိုင်ပါဘူး။ အသိဉာဏ်ရှိတာ မရှိတာနဲ့ပဲဆိုင်ပါတယ်။ အသိဉာဏ် ရှိတဲ့သူဟာ ဘယ်တော့မှ အချစ်အတွက် အကုသိုလ်မပြုပါဘူး။ ဘာဖြစ်လို့လဲဆို အကုသိုလ်ရဲ့ အကျိုးအပြစ်ကိုသိနေလို့ပါ။

ချစ်တာချင်းတူပေမယ့် အသိဉာဏ်ချင်းကွာသွားတော့ အပြုအမူပိုင်းလည်း ကွာသွားတော့တာပါ။

အပြုအမူပိုင်းရဲ့ နောက်ကွယ်မှာ ကောင်းကျိုးဆိုးကျိုး အကျိုးဆက်တွေက ရှိနေတာဆိုတော့ ကိုယ့်အပြုအမူကို အထူးသတိ ထားရမှာပါ။

ဘဝမှာ အသိဉာဏ်ရှိတဲ့ အချစ်တွေနဲ့ ချစ်ဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ သံသရာ အဆက်အဆက် ချစ်ရမယ့်ဘဝတွေက အများကြီးရှိချင် ရှိနေဦးမှာပါ။ အခုဆိုတာပါတတ်တာဆိုတော့ ဒီဘဝအသိဉာဏ်ရှိတဲ့အချစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ချစ်ဖြစ်ရင် အဲဒီအသိဉာဏ်ရှိတဲ့ အချစ်နဲ့ ချစ်တဲ့အချစ်က နောက်ဘဝ နောက်ဘဝတွေအထိ လိုက်သွားတတ်ပါတယ်။ နောက်ဘဝတွေအထိ လိုက်တတ်တဲ့ အထုံလေးကိုလည်း ကိုယ်က အာရုံပြုထားရပါမယ်။

ဘာပဲပြောပြော အသိဉာဏ်မဲ့တဲ့ အချစ်နဲ့ မချစ်မိဖို့နဲ့ အချစ်အတွက် အကုသိုလ်တွေ မပြုလိုက်မိဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၁၁ - ၉ - ၂၀၀၆





# အချစ်နှင့်စပ်သော ။။

အတိတ်ဘဝက အချစ်ကလည်း
ဒီဘဝအထိ

ရေး- ကူး ပြကာလ ဂါထာ

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်ဝိပဿနာ(၇)

## အတိတ်ဘဝကအချစ်ကလည်း ဒီဘဝအတွက် ကျေးဇူးပြုတတ်ပါတယ်

အဲဒီမှာထပ်ပြီး အံ့ဩဖို့ကောင်းတာက ပစ္စုပ္ပန်ဘဝမှာ ဆုံတွေ့ရတဲ့ အချစ်ကသာ ကျေးဇူးပြုတတ်တာ မဟုတ်ပါဘူး။ အတိတ် အတိတ်ဘဝတွေက ပါခဲ့တဲ့ အချစ်ကလည်း ဒီပစ္စုပ္ပန်ဘဝမှာလာပြီး ကျေးဇူးပြုတတ်ပါတယ်။

အဲဒါနဲ့ပတ်သက်လို့ ဥပရိပဏ္ဏာသပါဠိတော် နန္ဒကောဝါဒသုတ်ကို အာရုံပြုကြည့်ရအောင်ပါ။

မြတ်စွာဘုရားရှင်က မိထွေးတော်ဂေါတမီနဲ့ ဘိက္ခုနီမငါးရာကို ရဟန်းတော်တွေက အလှည့်ကျတရားဟောဖို့ မိန့်မှာထားပါတယ်။

ရဟန်းတော်တွေဟာ ကိုယ့်အလှည့်ကိုယ် အလှည့်ကျဟောပေမယ့် အရှင်နန္ဒကအလှည့်ရောက်လာရင်တော့ အရှင်နန္ဒကက ကိုယ်တိုင်မဟောဘဲ ကိုယ်စား ဟောခိုင်းပါတယ်။



တစ်နေ့ကျတော့ မြတ်စွာဘုရားရှင်က အရှင်အာနန္ဒာကို "တရားဟောဖို့ ဘယ်သူ့အလှည့်လဲ"လို့ မေးပါတယ်။

အရှင်အာနန္ဒာကလည်း "ဒီနေ့ အရှင်နန္ဒကအလှည့်ပါဘုရား၊ ဒါပေမယ့် အရှင်နန္ဒကက ကိုယ်တိုင်တော့ မဟောပါဘုရား၊ ကိုယ်စားလွှတ်ပြီး ဟောခိုင်းပါတယ်ဘုရား"လို့ လျှောက်ပြပါတယ်။

ဒီတော့ မြတ်စွာဘုရားက "ကိုယ့်အလှည့်ကိုယ်ဟောရမယ်၊ ကိုယ်စား မလွှတ်ရဘူး၊ အရှင်နန္ဒက ကိုယ်တိုင်သွားဟောပါ"လို့ အမိန့်ချပါတယ်။

အရှင်နန္ဒကက ကိုယ်တိုင်မဟောချင်တာ အကြောင်းရှိပါတယ်။

မြတ်စွာဘုရားရှင်က အရှင်နန္ဒကကို ကိုယ်တိုင်ဟောစေချင်တာကလည်း အကြောင်းရှိပါတယ်။

အရှင်နန္ဒက ကိုယ်တိုင်မဟောချင်တာကတော့ ဘဝတစ်ခုမှာ သူကရှင်ဘုရင်ဖြစ်ခဲ့ပါတယ်။ ရှင်ဘုရင်ဖြစ်စဉ် ကာလမှာ အခုဘိက္ခုနီမငါးရာက သူ့ရဲ့မောင်းမမိဿံတွေဖြစ်ခဲ့ဖူးလို့ပါ။

အရှင်နန္ဒကက ဈာန်အဘိညာဉ်ရ ရဟန္တာတစ်ပါးပါပဲ။ အဘိညာဉ်နဲ့ ပြန်သိနေတာပါ။ အရှင်နန္ဒာက ဘိက္ခုနီမငါးရာဆီ တရားသွားဟောနေရင် ရဟန္တာမဖြစ်သေးတဲ့ အဘိညာဉ်ပဲရထားတဲ့ ရဟန်းတွေကကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"အရှင်နန္ဒကက သူ့မောင်းမမိဿံတွေနဲ့ အခုအထိ ရောရော နှောနှောနေတုန်း"လို့ ကဲ့ရဲ့ပြောဆိုမှာစိုးလို့ပါ။ တကယ် တော့ အရှင်နန္ဒကက ရဟန္တာဖြစ်ပြီးသားပါ။ ကျန်တဲ့ ရိုးရိုးရဟန်းတွေရဲ့ အပြောက လွတ်အောင် ရှောင်လိုက် တာပါ။

မြတ်စွာဘုရားရှင်ကလည်း သိနေပြန်ပါတယ်။ ဘိက္ခုနီမငါးရာဟာ အရှင်နန္ဒကဟောမှ တရားထူးတရား မြတ်ရမှာဆိုတော့ အရှင်နန္ဒကကိုပဲ ဟောခိုင်းရပါတယ်။

အရှင်နန္ဒက တရားဟောမယ်လည်းကြားရော ဘိက္ခုနီမတွေရဲ့စိတ်ထဲမှာ အလိုလိုပျော်ရွှင်နေကြပါတယ် တဲ့။ ခြေဆေးရေပြင်တဲ့သူကပြင်၊ ထိုင်ဖို့အခင်းပြင်တဲ့ သူကပြင်နဲ့ အားလုံးပျော်ရွှင်နေကြပါသတဲ့။ အတိတ်က သံယောဇဉ်က စကားပြောနေတာပါ။ တခြား ရဟန်းတော် တွေကြွလာတုန်းက ဝတ်ကျေတန်းကျေပဲ ကြိုဆိုပုံရပါ တယ်။

ဒီလိုနဲ့ အရှင်နန္ဒက တရားစဟောပါတယ်။

"နှမတို့ . . ဒီနေ့ဟောမယ့်တရားကို အမေး အဖြေလေးတွေနဲ့ ဟောချင်တယ်။ မသိရင် မသိဘူးလို့ ဖြေပါ။ သိရင် သိတယ်လို့ ဖြေပါ။ စိတ်ထဲမှာ မရှင်းလို့ သံသယဖြစ်နေရင်လည်း အရှင်ဘုရား ဒီအဓိပ္ပါယ်ကို ထပ်ရှင်းပြပါဦးလို့ ပြန်မေးနိုင်တယ်"

အရှင်နန္ဒကက အဲဒီလို နိဒါန်းပျိုးပြီး တရား



စကားစဟောပါတယ်။

"နှမတို့ . . စက္ခုပသာဒဟာ မြဲလား၊ မမြဲဘူး လား"

"မမြဲပါဘုရား"

"မမြဲတဲ့ စက္ခုပသာဒဟာ ဆင်းရဲလား၊ ချမ်းသာ လား"

"ဆင်းရဲပါတယ်ဘုရား"

"အဲဒီလို မမြဲတဲ့ ဆင်းရဲတဲ့ ဖောက်ပြန်တဲ့ စက္ခု ပသာဒကို "ငါ့ဟာ၊ ငါ၊ ငါ့ရဲ့ကိုယ်ပိုင်"လို့ ရှုဖို့သင့်ရဲ့လား"

"မသင့်ပါဘုရား"

စသည်ဖြင့် အရှင်နန္ဒကက အမေးအဖြေလေး တွေနဲ့ ဆင့်ကာဆင့်ကာ ဟောပါတယ်။

အချိန်စေ့တော့ တရားကို အဆုံးသတ်လိုက်ပါ တယ်။ ဒါပေမယ့် တရားထူးတရားမြတ်တော့ မရကြသေး ပါဘူး။ ဘိက္ခုနီမတွေက အရှင်နန္ဒက တရားနာပြီးတော့ မြတ်စွာဘုရားရှင်ကို သွားဦးချကန်တော့ပါတယ်၊ မြတ်စွာ ဘုရားရှင်ကလည်း ဘိက္ခုနီမတွေကို ကျောင်းကိုပဲ ပြန်ခိုင်း လိုက်ပါတယ်။

ဘိက္ခုနီမတွေပြန်သွားမှ မြတ်စွာဘုရားရှင်က "ရဟန်းတို့ (၁၄)ရက်နေ့ညမှာ ထွက်တဲ့လဟာ သိပ်မပြည့် သေးသလို ဘိက္ခုနီမတွေရဲ့ စိတ်ထဲမှာလည်း တစ်ရက်လို နေတဲ့ လလိုပဲ သိပ်မပြည့်သေးဘူး။ ဒါကြောင့် အရှင်

www.burmeseclassic.com

www.burmeseclassic.com



နန္ဒကအနေနဲ့ နက်ဖြန်ထပ် ဟောလိုက်ပါဦး”လို့ မိန့်လိုက်ပါတယ်။

မြတ်စွာဘုရား မိန့်တော်မူတဲ့အတိုင်း အရှင်နန္ဒကလည်း ဒုတိယအကြိမ်ထပ်ဟောရပြန်ပါတယ်။ ဒုတိယအကြိမ်အဟောမှာတော့ ဘိက္ခုနီမငါးရာဟာ တချို့သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့အနာဂါမ်၊ တချို့ရဟန္တာဖြစ်သွားပါတော့တယ်။

ဒီတော့မှ မြတ်စွာဘုရားရှင်က “ရဟန်းတို့ . . (၁၅)ရက်နေ့မှာ ထွက်တဲ့လဟာ ပြည့်သွားသလို ဘိက္ခုနီမတွေရဲ့ စိတ်ထဲမှာလည်း တရားတွေ ပြည့်သွားပါပြီ”လို့ သာဓုထောက်ခံချက်ပေးလိုက်ပါတယ်။

အဲဒီမှာ ပြောချင်တာက ဘိက္ခုနီမတွေဟာ ကျွန်တဲ့ရဟန်းတော်တွေ ဟောတုန်းက တရားထူးတရားမြတ်မရဘူး။ အရှင်နန္ဒက ဟောလိုက်တော့မှ တရားထူးတရားမြတ် ရသွားကြတာပါ။

ဒါ . . ဘာလဲဆိုရင် အတိတ်ဘဝက ချစ်ခဲ့တဲ့အချစ်တွေက တရားထူးတရားမြတ်ရဖို့အတွက် ကျေးဇူးပြုလိုက်တာပါပဲ။

တခြားရဟန်းတော်တွေ ဟောတဲ့အခါမှာ ဝတ်ကျေတန်းကျေ နာယူခဲ့ပေမယ့် အရှင်နန္ဒကဟောတဲ့အခါမှာတော့ အတိတ်က သံယောဇဉ်စိတ်ကြောင့် ရိုရိုသေသေလေးလေးစားစားနာယူပါတယ်။ တရားဟောနေရင်း



ကျင့်ကြံပွားများခိုင်းတဲ့အခါမှာလည်း ကြိုးကြိုးစားစားပွားများကြပါတယ်။ ရိုရိုသေသေနာယူပြီး ကြိုးကြိုးစားစားအားထုတ်လိုက်တော့ တရားထူးတရားမြတ်တွေ ရသွားတာပါ။

ပုဂ္ဂိုလ်မင်မှ တရားခင်ဆိုတဲ့အတိုင်း ကိုယ်ကြည်ညိုရာရွေးပြီး တရားနာခွင့်၊ တရားအားထုတ်ခွင့်ရှိပါတယ်။

ဒါ့အပြင် အတိတ်အတိတ်ဘဝတွေက သားအမိသားအဖ၊ မောင်နှမ၊ ဦးလေးအဒေါ် တူစသည်ဖြင့် တော်စပ်ခဲ့တဲ့ သံယောဇဉ်တွေကလည်း ဒီဘဝမှာလာပြီး ကျေးဇူးပြုနိုင်ပါတယ်။

ဒါမှမဟုတ် အတိတ်အတိတ်ဘဝတွေက ချစ်ခဲ့ပြီး ဒီဘဝမှာ မိတ်ဆွေသူငယ်ချင်းဖြစ်နေတဲ့သူကလည်း ပုံစံတစ်မျိုးမျိုးနဲ့ ကျေးဇူးပြုတတ်ပါတယ်။ ဖတ်သင့်တဲ့ တရားစာအုပ်တွေရွေးပေးတာ၊ နာသင့်တဲ့ တရားခွေလေးတွေ ပို့ပေးတာ၊ ဒါနတွေပြုဖို့၊ သီလတွေဆောက်တည်ဖို့၊ ဝိပဿနာတွေပွားများဖို့ တိုက်တွန်းတာစသည်ဖြင့် အများကြီးပါပဲ။

တစ်ခုတော့ ရှိပါတယ်။ ကိုယ်က တရားအသိနဲ့ ဝေးမနေဖို့တော့လိုတာပေါ့။ ကိုယ်က လောကီအာရုံတွေနဲ့ပဲ ပျော်မွေ့နေမယ် ဆိုရင်တော့ ကျေးဇူးပြုဖို့ရမှာ မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော တစ်နေ့သောအခါမှာတော့ အချစ်မရှိအောင် ကြိုးစားကြရမှာပါ။ အချစ်မရှိတဲ့ တစ်နေ့သောအခါ မရောက်သေးရင်တောင် တဒင်္ဂလောက်တော့ အချစ်ကင်းအောင်လုပ်ကြရပါမယ်။

ဆယ့်ငါးမိနစ်လောက်လေး "ဝင်တယ်၊ ထွက်တယ်" ဒါမှမဟုတ် "ဖောင်းတယ်၊ ပိန်တယ်"လို့ မှတ်နေလိုက်ရင် ဆယ့်ငါးမိနစ် အချစ်ကင်းနေတာပါ။ အဲဒီ တဒင်္ဂအချိန်လေးမှာ ဘယ်လောက် စိတ်ချမ်းသာနေတယ်ဆိုတာ မှတ်ဖူးတဲ့သူတိုင်း သိပါတယ်။

တရားအားထုတ်တယ်ဆိုတာ တင်ပလ္လင်ခွေ၊ ပုဆစ်တုပ်ထိုင်ပြီးမှတ်မှ တရားအားထုတ်တာ မဟုတ်ပါဘူး။ မီးဖိုချောင်ထဲမှာလည်း တရားအားထုတ်လို့ရသလို ကလေးထိန်းရင်း အဝတ်လျှော်ရင်း တံမြက်လှဲရင်းလည်း အားထုတ်လို့ရတာပါပဲ။

ဥပမာ – ကိုယ့်ခင်ပွန်းအပြင်သွားနေခိုက် သူ့ရဲ့ အဝတ်တွေကို မီးပူတိုက်နေမယ်ဆိုပါတော့၊ မီးပူကို ရှေ့ကိုတိုးလိုက်တာ၊ နောက်ကို ဆွဲလိုက်တာ၊ အဝတ်ကို ဟိုဘက်ဒီဘက်ပြန်ခေါက်လိုက်တာ စသည်တွေကို သတိကပ်မှတ်နေရင် တရားအားထုတ်နေတာပါပဲ။ အမှတ်သတိနဲ့ မီးပူတိုက်နေတဲ့အချိန်ဟာ အချစ်ကို တဒင်္ဂအားဖြင့်ပယ်ထားတာပါ။ သာမန်အားဖြင့် သောကကြည့်ရင် သူ့"ကိုကို"အကြောင်းတွေးပြီး ကြည်နူးနေပုံရတယ်လို့



ထင်စရာရှိပါတယ်။ ဒါပေမယ့် အမှတ်သတိနဲ့ ပြုမူနေတဲ့ အတွက် အချစ်ကို တဒင်္ဂအားဖြင့် ပယ်ထားတာပါ။ အဲဒီလိုမှမဟုတ်ဘဲ ကိုယ့်"ကိုကို"ကိုပဲတွေးပြီး တိုက်နေမယ်ဆိုရင်တော့ အချစ်ပြီးရင်း အချစ်တွေပဲဖြစ်နေတော့မှာပါ။ အချစ်တွေပဲ ဖြစ်နေရင် သံသရာလည်း ကျင်လည်နေရဦးမှာပါ။

ပုထုဇဉ်သဘာဝအရ အနာဂါမ်မဖြစ်သေးတော့ ရှောင်လွှဲလို့မရတဲ့ အချစ်ကလည်း ရှိနေဖြစ်ရဦးမှာပါ။ ဒီတော့ ပုထုဇဉ်သဘာဝအရ ချစ်စရာရှိတာတွေလည်း ချစ်ဖြစ်ရင်း ကိုယ့်ဘဝကို အချစ်တွေနဲ့ပဲ ရပ်မထားဘဲ တစ်ဆင့်တက်စရာရှိတာကိုလည်း ဆက်တက် နိုင်အောင် ကြိုးစားရပါမယ်။ အဓိကကတော့ အချစ်ကတစ်ဆင့် ဝိပဿနာကိုလည်း ကူးသွားနိုင်ဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်
၁၈ . ၉ . ၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com





အချစ်နှင့်ဝိပဿနာ(၈)

နောက်ဆုံးဟောပလေ အချစ်ဟာ



# အချစ်နှင့်ဝိပဿနာ(၈)

## နောက်ဆုံးဟောပလေ အချစ်ဟာ

တကယ်တော့ လူတစ်ယောက်ဘဝမှာ ဘယ်လောက်ပဲ အချစ်ကံတွေကောင်းခဲ့ကောင်းခဲ့ နောက်ဆုံးတစ်နေ့မှာတော့ အိုမှုဒုက္ခ၊ နာမှုဒုက္ခ၊ သေမှုဒုက္ခဆိုတဲ့ ဒုက္ခတွေနဲ့ပဲ အဆုံးသတ်ကြရမှာပါ။

ဒါပေမယ့်လည်း လူ့ဘုံမှာ လူလာဖြစ်တာဆို တော့ ကမ္မဋ္ဌာန်းသဘောတရားအရပြောရရင် သိပ်ကံကောင်းနေပြန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူ့ဘုံမှာ ကမ္မဋ္ဌာန်းလေးဆယ်လုံး ရလို့ပါ။ ကိုယ်ကြိုက်တဲ့ ကမ္မဋ္ဌာန်းကို စိတ်ကြိုက်ရွေးချယ်ပြီး ကြိုက်သလို အားထုတ်လို့ရပါတယ်။ ဒါကကို အခွင့်အရေးကောင်းကြီးတစ်ခုပါ။ နတ်ပြည်မှာဆို အသုဘ(၁၀)ပါးရယ်၊ ကာယဂတာ သတိကမ္မဋ္ဌာန်းရယ်၊ အာဟာရပဋိကူလသညာ ကမ္မဋ္ဌာန်းရယ် အားလုံးပေါင်း (၁၂)ပါး မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပြည်မှာ အသုဘအလောင်းကောင်ဆိုတာ မရှိပါဘူး။ သေရင် မီးငြိမ်းသလို ခန္ဓာကိုယ်ပျောက်သွားတာပါ။ အလောင်းကောင်မရှိတော့ အသုဘကမ္မဋ္ဌာန်း လည်း ပွားလို့မရပါဘူး။

ကာယဂတာသတိကမ္မဋ္ဌာန်းဆိုတာက ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသည်တွေကို စက်ဆုပ်ဖွယ်ဖြစ်အောင် ဆင်ခြင်ပြီး ပွားရတာပါ။ နတ်ပြည်မှာ ဆံပင် မွေးညှင်းတွေရှိပေမယ့် သူတို့ ဆံပင် မွေးညှင်းတွေက သိပ်လှ၊ သိပ်တင့်တယ်နေတော့ စက်ဆုပ်ရွံရှာဖွယ်ဖြစ်အောင်ပွားဖို့ မလွယ်ပါဘူး။ ဒါကြောင့် ကာယဂတာသတိကမ္မဋ္ဌာန်း မရတာပါ။

အာဟာရပဋိကူလသညာ ကမ္မဋ္ဌာန်းဆိုတာက အာဟာရတွေကို စက်ဆုပ်ရွံရှာဖွယ်ဖြစ်အောင် ဆင်ခြင်တာပါ။

"ဒီအစာတွေဟာ အစာရှိရာကိုလည်း သွားရတယ်။ အစားရဖို့ရာလည်း ရှာရတယ်"စသည်ဖြင့် (၁၀) နည်းနဲ့ ဆင်ခြင် ရပါတယ်။ ဆင်ခြင်ပုံ (၁၀)နည်းကိုတော့ ဝိသုဒ္ဓိမဂ်မြန်မာပြန်မှာပဲ ကြည့်ပါတော့။ ဒီမှာတော့ မရေးတော့ပါဘူး။

ဒီတော့ နတ်ပြည်မှာ အစာအာဟာရရှိပေမယ့် သူတို့အာဟာရတွေက နတ်သြဇာ အဆီအနှစ်အာဟာရတွေဖြစ်နေလို့၊ သိပ်ကောင်းနေလို့ စက်ဆုပ်ရွံရှာဖွယ်လို့



ဆင်ခြင်လို့မရတော့ပါဘူး။ ဒါကြောင့် နတ်ပြည်မှာ အာဟာရပဋိကူလသညာကမ္မဋ္ဌာန်း မရတာပါ။

ရူပဘုံမှာကျတော့ အထက်ကပြောခဲ့တဲ့ (၁၂)ပါး ရယ်၊ အာနာပါနကမ္မဋ္ဌာန်းရယ်၊ (၁၃)ပါး မရပါဘူး။ အာနာပါန ဘာဖြစ်လို့မရတာလဲဆိုတော့ ရူပဘုံမှာ အသက် မရှူလို့ပါတဲ့။

အရူပဘုံမှာတော့ အာရုပ္ပကမ္မဋ္ဌာန်းလေးပါး သင့်သလို ရပါတယ်တဲ့။

သင်္ဂြိုဟ်ဘာသာဋီကာမှာ ဆရာတော်အရှင်ဇနကာဘိဝံသ ရှင်းပြထားတာကို အကျဉ်းချုပ် ပြန်ရေးပြတာပါ။ ဒါကိုပဲ ဆရာတော်ဘုရားက မှတ်ရလွယ်အောင် လင်္ကာလေးစီပြထားပါတယ်။

"အသုဘနှင့် ကာယဂတာ၊ သညာဒွါဒသ်၊ နတ်၌မရ၊ ဗြဟ္မာ့ပြည်မှာ၊ အာနာပါန-လည်းမရတည်း၊ အရူပဝယ်၊ လေးသွယ်သာရ၊ နတ်မှုကြွင်းတုံ့၊ ကာမဘုံဝယ်၊ အကုန်လေးဆယ် ရသတည်း"။ (သင်္ဂြိုဟ်ဘာသာဋီကာ - နှာ ၆၆၀)

ဘာပဲပြောပြော သူများဘုံတွေနဲ့စာရင် ကိုယ့်ဘုံက ကမ္မဋ္ဌာန်းလေးဆယ်လုံး ရနေတာဆိုတော့ တော်တော်လေးကို ကံကောင်းနေပါတယ်။

ကိုယ်အားထုတ်ချင်တဲ့ ကမ္မဋ္ဌာန်းကို ကမ္မဋ္ဌာန်းဆရာတွေဆီ နည်းခံပြီး ကိုယ့်စိတ်ကြိုက် အားထုတ်လို့

www.burmeseclassic.com

www.burmeseclassic.com



ရတာပါ။

ဒါပေမယ့် ကိုယ့်ဘုံမှာ ကမ္မဋ္ဌာန်းလေးဆယ်လုံး ရှိနေပေမယ့် ကိုယ်ကလုံးဝထိမကြည့်ဘဲ ဘယ်တော့မှမပြီးဆုံးနိုင်တဲ့ လောကီအာရုံတွေနောက်ပဲ တစ်ကောက်ကောက်လိုက်မယ်ဆိုရင်တော့ လူ့ဘုံမှာ လူလာဖြစ်တာကံကောင်းတယ်လို့ မဆိုသာပါဘူး။

အိုခါမှ နာခါမှ ကမ္မဋ္ဌာန်းတွေများကို စအားထုတ်မယ်ဆိုရင် ကောင်းကောင်းမလုပ်နိုင်တော့ပါဘူး။

အထူးသဖြင့် နာခါမှ ရောဂါဝေဒနာ ခံစားနေရမှ ကမ္မဋ္ဌာန်းနည်းကို စသင်မယ်ဆိုရင် ဝေဒနာဆီကိုပဲ စိတ်ကအာရုံရောက် နေတဲ့အတွက် ကမ္မဋ္ဌာန်းကို ကောင်းကောင်းမသင်ယူနိုင်တော့ပါဘူး။

ဝေဒနာခံစားပြီး သိပ်နာနေတဲ့အချိန်မှာ ကိုယ့်ကို သိပ်ချစ်လှပါတယ်ဆိုတဲ့၊ ကိုယ်ကလည်း သိပ်ချစ်လှပါတယ်ဆိုတဲ့ "ချစ်ရသူကြီး"ဆီကို "ဝေဒနာက သိပ်နာနေလို့ နည်းနည်းလောက်ယူထားပေးပါနော်"လို့ပြောပြီး ပေးမယ်ဆိုရင်လည်း ပေးလို့မရပါဘူး။ ဟိုက ချစ်ရသူကြီးက ယူချင်တယ်ဆိုရင်လည်း ယူလို့မရပြန်ပါဘူး။

ကိုယ့်ဝေဒနာကို ကိုယ်ပဲခံစားရမှာပါ။

နောက်တစ်ခုက သေသွားတဲ့လူဆယ်ယောက်မှာ ခုနစ်ယောက်လောက်က ဝေဒနာတစ်ခုခုကို ခံစားပြီး သေသွားကြရတာပါ။ ဒီတော့ကိုယ်က ကျန်းမာနေတုန်း



ငယ်ရွယ်နေတုန်းမှာ ကမ္မဋ္ဌာန်းနည်းလေးတွေကို ကျကျနန သင်ယူထားသင့်ပါတယ်။ အထူးသဖြင့်တော့ ဝေဒနာရှုနည်း ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်းလေးကိုပါ အထူးဂရုပြုပြီး သင်ယူထားသင့်ပါတယ်။

ဝေဒနာခံစားနေရတဲ့အချိန်၊ ကိုယ့်ရဲ့နောက်ဆုံးအချိန်လေးတွေမှာ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းလေးကို အဖော်ပြုပြီး နေသွားရင်တော့ မြတ်စွာဘုရား အလိုကျ ပါပဲ။

ဒါကြောင့် ဒီမှာ ဝေဒနာရှုမှတ်ပုံလေးကို ရေးပြသွားရအောင်ပါ။ စာကနည်းနည်းလေးလာပြီဆိုတော့ ဖတ်ရတာနည်းနည်း ပျင်းစရာများ ဖြစ်လာမလားမသိပါဘူး။ ဒါပေမယ့် သည်းခံပြီးပဲ ဖတ်စေချင်ပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန် ဝေဒနာတစ်ခုခု ဖြစ်လာတဲ့အချိန်မှာ အသုံးတည့်ပါလိမ့်မယ်။ အခုအသုံးမချဖြစ်သေးရင်တောင် နောင်အသုံးချဖို့ ကြိုးကြိုးစားစားနဲ့ သည်းခံပြီး (စာရေးသူကိုလည်း ချစ်သောအားဖြင့်ပေါ့လေ) ဖတ်စေချင်ပါတယ်။

ဝေဒနာရှုမှတ်ပုံနဲ့ပတ်သက်ပြီး ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာ အလုပ်ပေးတရားတော်ထဲက ဆရာတော်ဘုရားကြီး ဟောပြထားတာလေးက စာဖတ်သူတွေအတွက် ပိုပြီး သဘောပေါက်စေပါတယ်။ ဒါကြောင့် ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာအလုပ်ပေးတရားတော်ထဲက ထုတ်ပြရအောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ဒုက္ခဝေဒနာကို ရှုမှတ်ပုံ

"ဒုက္ခဝေဒနာကို မှတ်ရတဲ့အခါမှာတော့ ရှုမှတ်ပုံ ရှုမှတ်နည်း သုံးမျိုးရှိပါတယ်။

(၁) ဒီဝေဒနာတွေ ပျောက်သွားရအောင်၊ ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီး ရှုမှတ်တာက တစ်မျိုး။

(၂) ဒီဝေဒနာကိုတော့ ဒီတစ်ထိုင်မှာ၊ ဒီတစ်နေ့မှာ အပြတ်တိုက်ထုတ်မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ပြီး ရှုမှတ်တာက တစ်မျိုး။

(၃) ဝေဒနာ၏ သဘောကိုသိအောင် ရှုမှတ်တာက တစ်မျိုးလို့ သုံးမျိုးရှိပါတယ်။

(၁) ဒီဝေဒနာတွေ ပျောက်သွားရအောင်၊ ပျောက်သွားရအောင်လို့ ရည်ရွယ်ပြီး ရှုမှတ်တာက ဝေဒနာကို ပျောက်ချင်နေတာ ချမ်းသာကို လိုချင်တဲ့လောဘပဲ၊ တရားရှုမှတ်တယ်ဆိုတာ လောဘကင်းအောင် ရှုမှတ်တာဖြစ်တယ်။ အခုတော့ ပျောက်ချင်နေတဲ့ လောဘကိလေသာတွေ ကြားညှပ်နေတဲ့အတွက်ကြောင့် တရားတွေ တော်တော်နဲ့မတွေ့၊ တော်တော်နဲ့မတက်ဘဲ ဖြစ်နေတတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရှုနည်း၊ မှတ်နည်းကိုလည်း မယူသင့်။ မယူရခြင်းဖြစ်ပါတယ်။

(၂) ဒီဝေဒနာကိုတော့ ဒီတစ်ထိုင်မှာ ဒီတစ်နေ့မှာ အပြတ်တိုက်ထုတ်တော့မယ်လို့ စိတ်ကြမ်းကြီး ထူထောင်ပြီး ရှုမှတ်တာကလည်း စိတ်ကြမ်းကြီးဆိုတာ



တရားကိုယ်ကောက်လိုက်တော့၊ စိတ်နဲ့အတူတကွဖြစ်တဲ့ ဒေါသ ဒေါမနဿတွေပဲဖြစ်တယ်။ အဲဒီ ဒေါသ ဒေါမနဿကိလေသာတွေ ကြားညှပ်နေတဲ့အတွက်ကြောင့် တရားတော်တော်နှင့်မတွေ့၊ တရားတော်တော်နှင့်မတက် ဘဲဖြစ်နေတတ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရှုနည်း မှတ်နည်းကိုလည်း မယူသင့်ပေ၊ မယူရခြင်းဖြစ်ပါတယ်။

(၃) ဝေဒနာရဲ့သဘောကို သိအောင် ရှုမှတ်ရပါတယ်။ သဘောသိမှ ဥဒယ–ဖြစ်၊ ဝယ–ပျက်ကို မြင်နိုင်သည်။ သဘောကို သိအောင် ရှုမှတ်ဖို့ရာမှာ နာတာ၊ ကျင်တာ၊ အောင့်တာတွေ ပေါ်လာတဲ့အခါ ယောဂီများက များသောအားဖြင့် နာတာနှင့်အမျှ စိတ်ကိုလည်း တင်းလိုက်တတ်ပါတယ်။ ခန္ဓာကိုယ်ကိုလည်း တင်းလိုက်တတ်ပါတယ်။ အဲဒီလို မတင်းမိစေရဘူး၊ စိတ်ကိုလည်း အနည်းငယ် လျှော့ထား။ ခန္ဓာကိုယ်ကိုလည်း အနည်းငယ် လျှော့ထား။ ဒီဝေဒနာကို တစ်ချိန်လုံးပဲ တစ်နာရီလုံးပဲ ခံနေရတော့မှာလားလို့ ကြောင့်ကြပူပန်မှုကလေးများလည်း ဖြစ်နေတတ်ကြပါတယ်။ အဲဒီ ကြောင့်ကြပူပန်မှုများလည်း မရှိစေရအောင် သတိပြုကြရပါတယ်။

နာတာကတော့ သူ့သဘောအတိုင်း နာမှာပဲ၊ ရှုမှတ်ဖို့ကတော့ မိမိတာဝန်ပဲလို့ စိတ်ကိုလည်း အေးအေးထားရပါတယ်။ ဒီဝေဒနာကို သည်းခံမယ်ဟု သည်းခံတဲ့ စိတ်ကလေးကိုလည်း ထားရပါတယ်။ ဝေဒနာပေါ်လာတဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါ သည်းခံဖို့က အဓိကအချက်ပါပဲ။ သည်းခံမှ နိဗ္ဗာန်ရဆိုတာ၊ တရားရှုမှတ်တဲ့နေရာမှာ အသုံးအကျဆုံးပါပဲ။

သည်းခံမယ်လို့ နှလုံးသွင်းပြီးတော့ စိတ်ကို အေးအေးထားပါ။ စိတ်ကိုလည်း မတင်းမိရအောင် ခန္ဓာကိုယ်ကိုလည်း မတင်းမိရအောင် သတိပြုရပါတယ်။ စိတ်ကိုလည်း အသင့်အတင့် လျှော့ထား၊ ခန္ဓာကိုယ်ကိုလည်း အသင့်အတင့်လျှော့ထားပြီးတော့ ဝေဒနာပေါ်မှာ မှတ်စိတ်ကို တည့်တည့်ချရပါတယ်။

တည့်တည့်ချပြီးသောအခါ ဒီဝေဒနာ နာနေသည်မှာ ဘယ်လောက်နာနေသလဲ ?. . . အသားပေါ် အရေပေါ်လောက်ပဲ နာတယ်၊ အကြောထိအောင် နာတယ်၊ အရိုးထိအောင် နာတယ်၊ ရိုးတွင်းခြင်ဆီထိအောင် နာတယ်လို့ စိတ်ဖြင့်သိအောင် ရှုးစိုက်ရပါတယ်။ ရှုးစိုက်ပြီးတဲ့ အခါကျမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်လို့ ပိုင်းခြား ပိုင်းခြားပြီးတော့ ရှုမှတ်ရပါတယ်"။

*　　*　　*

ဆရာတော်ဘုရားကြီး ဟောပြပေးထားတာလေးက အားလုံးနားလည်လွယ်တဲ့စကားနဲ့ ဟောပြထားတာပါ။ ပိုပြီးတော့လည်း သဘောပေါက်စေပါတယ်။

ယောဂီတော်တော်များများက ဝေဒနာကိုရှုမှတ်ရပြီဆိုရင် ပျောက်ချင်တဲ့သူက များပါတယ်။ တကယ်တော့ ဝေဒနာရှုမှတ်တဲ့ အခါမှာ ပျောက်ဖို့ထက် သိဖို့က



အဓိကပါ။

"ဝေဒနာကတော့ သူ့သဘောအတိုင်း သူနာနေမှာပဲ။ မှတ်ရမှာကတော့ ငါ့တာဝန်ပဲ"ဆိုပြီး ကိုယ်က အဲဒီနာနေတာလေးကို သိနေဖို့ပါပဲ။

စာထဲမှာလည်း ဒုက္ခဝေဒနံ ဝေဒယာမီတိ ပဇာနာတိ၊ အဓိပ္ပါယ်ကတော့ ဝေဒနာခံစားနေရရင် ခံစားနေရ ခိုက်မှာ ခံစားနေရတယ်လို့ သိလိုက်ပါတဲ့။

မြတ်စွာဘုရားက သိလိုက်ပါလို့ပဲ ဟောထားပါတယ်။ ပယ်လိုက်ပါလို့ ဟောမထားပါဘူး။

ဆိုလိုတာက ဝေဒနာဟာ ပယ်ရမယ့်တရား မဟုတ်ပါဘူး။ သိရမယ့်တရားပါ။

ဒီတော့ ကိုယ်က "ဝေဒနာဆိုတာ ပျောက်ဖို့ အဓိကမဟုတ်ဘူး၊ သိဖို့အဓိက"ဆိုတဲ့ တရားသဘောလေးကို နှလုံးသွင်းပြီး နာနေတဲ့နေရာလေးကို စိတ်ကိုတည့်တည့် စိုက်ချပြီး နာနေတဲ့သဘောလေးက ဘယ်လိုလဲ၊ ဘယ်လိုလေးနာနေတာလဲဆိုပြီး သိသိနေဖို့ပါပဲ။ သိသိနေတာကကို မှတ်မှတ်နေလိုက်တာပါပဲ။ နာနေတဲ့ သဘောလေးကို အာရုံပြုပြီး "နာတယ်၊နာတယ်" လို့ ရှုမှတ်ရပါတယ်။ တရားရှုမှတ်တဲ့နေရာမှာ သဘောသိအောင် ရှုမှတ်ရတာဆိုတော့ နာနေတဲ့သဘောလေးကို သိအောင်ရှုမှတ်ရပါတယ်။

နောက် ဗဟုသုတတစ်ခုက ယောဂီတွေပြော

www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတဲ့ ဝေဒနာကို ခွါတယ်ဆိုတာပါ။

ဝေဒနာခွါတယ်ဆိုတာ တချို့ယောဂီတွေက ပုံစံတစ်မျိုးနဲ့ သဘောပေါက်နေကြပါတယ်။ ဒီမှာတော့ စာထဲက လာတဲ့အတိုင်း ပြောပြသွားရအောင်ပါ။

ဝေဒနံ ဝိက္ခမ္ဘိတွာတိယထာ ဥပ္ပန္နံ ဒုက္ခံ ဝေဒနံ အနုဝတ္တိတွာ ဝိပဿနံ အာရဘိတွာ ဝိထိပဋိပန္နာယ ဝိပဿနာယ တံ ဝိနောဒေတွာ။ (သီဋီသစ် – ၂– ၂၉၇)

အဓိပ္ပါယ်ကတော့ ဝေဒနာကို ခွါတယ်ဆိုတာ ဖြစ်ပေါ်နေတဲ့ ဒုက္ခဝေဒနာကို အစဉ်မပြတ် လိုက်မှတ်ပြီး နာမရူပပရိစ္ဆေဒစတဲ့ ဉာဏ်စဉ်တွေဖြစ်ပေါ်လာပြီး ဒီဉာဏ်စဉ်တွေနဲ့ ဝေဒနာကိုပယ်ဖျောက်ပြီး အရဟတ္တဖိုလ်ကို ရောက်သွားတာပါ။

သိပ်ပြီးစာဆန်နေတော့ အဓိပ္ပါယ် သဘောက ပေါက်ပါ့မလား မသိပါဘူး။ နည်းနည်းလေးပြောင်း ပြောကြည့်ရအောင်ပါ။

ဝေဒနာကို ရှုးရှုးစိုက်စိုက်ရှုမှတ်ရင်း ဉာဏ်စဉ်တွေ ဝင်လာမယ်။ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်း ရောက်လာတဲ့အခါ နာတယ်လို့ တစ်ချက်မှတ်လိုက်ရင် ဖြစ်ပြီး ပျက်ပျက် သွားတာကို မြင်မြင်လာရပါလိမ့်မယ်။ အဲဒီလို နာကျင်မှုဒုက္ခဝေဒနာတွေထက် ဖြစ်မှု ပျက်မှုတွေကိုပဲ ထင် ထင်ရှားရှား မြင်နေရတာကို ဝေဒနာကို ခွါတယ်လို့ပဲ ခေါ်ပါတယ်။



ဆိုလိုတာကတော့ နာကျင်မှုထက် ဖြစ်မှု ပျက်မှုတွေပဲ ထင်ရှားနေတာကို ဝေဒနာကိုခွါတယ်လို့ ခေါ်တာပါပဲ။

နောက်ဝေဒနာခွါနည်းတစ်နည်း ရှိပါသေးတယ်။

အဲဒီနည်းကတော့ ဝေဒနာကို ခွါတယ်ဆိုတာ ဖြစ်ပေါ်နေတဲ့ ဒုက္ခဝေဒနာကို လုံးဝနှလုံးမသွင်းတော့ဘဲ ကိုယ်အားထုတ်နေကျ မူလကမ္မဋ္ဌာန်းကိုပဲ ပြန်မှတ်ထားတာပါ။

ဥပမာ – ကိုယ်က ဖောင်းတယ်၊ ပိန်တယ် မှတ်မယ်၊ ဒါမှမဟုတ် ဝင်တယ်၊ ထွက်တယ်မှတ်မယ်ဆိုရင် ကိုယ့်ရဲ့မူလ ဖောင်းတယ် ပိန်တယ်၊ ဝင်တယ်ထွက်တယ်ကိုပဲ ပြန်မှတ်တာပါ။

လိုရင်းပြန်ပြောရရင်တော့ ဝေဒနာခွါတယ်ဆိုတာ ဝေဒနာဖြစ်ပေါ်လာတဲ့အခါ ဝေဒနာကို ရှုးရှုးစိုက်စိုက်မှတ်ပစ်ပြီး မှတ်ရင်း မှတ်ရင်းနဲ့ ဉာဏ်စဉ်တွေဝင်လာရင်း နာကျင်မှုထက် ဖြစ်မှုပျက်မှုတွေ ထင်ရှားလာတာပါ။ ဒါကတစ်နည်းပါ။

နောက်တစ်နည်းက ဝေဒနာဖြစ်ပေါ်လာတဲ့အခါ ဝေဒနာကို လုံးဝနှလုံးမသွင်းတော့ဘဲ မူလအားထုတ်နေကျ ကမ္မဋ္ဌာန်းကိုပဲ ကြိုးကြိုးစားစားနဲ့ ပြန်မှတ်ပစ်တာပါ။ ဝေဒနာကို နှလုံးမသွင်းတဲ့အတွက် နာကျင်မှုဝေဒနာက

www.burmeseclassic.com

www.burmeseclassic.com



ပျောက် ငြိမ်းသလိုဖြစ်နေပါတယ်တဲ့။ ဒါကိုပဲ ဝေဒနာကို ခွါထားတယ်လို့ စာကဆိုထားတာပါ။

နောက်ဝေဒနာခွါနည်း တစ်နည်းလည်းရှိပါသေးတယ်။ ခွါပုံကတော့ ဖြစ်ပေါ်နေတဲ့ဝေဒနာကို လုံးဝနေလုံး မသွင်းတော့ဘဲ မိမိဆောင့်ထိန်းခဲ့တဲ့သီလကို ပြန်ဆင်ခြင်တာပါ။ မိမိရဲ့ သီလဖြူစင်မှုကို ဆင်ခြင်ပြီး ပီတိတွေဖြစ်လာတဲ့ အခါ အဲဒီပီတိကိုပဲ အခြေခံပြီး ဝိပဿနာဘက်ကို ဆက်ကူးသွားတာပါ။ ဒါလည်း ဝေဒနာခွါနည်းတစ်နည်းပါ။

ဘာပဲပြောပြော လူဘဝရောက်လာတာဟာ အဓိကဝိပဿနာတရား အားထုတ်ဖို့ပါ။ တစ်နေ့မှာ လူ့လောကက ပြန်ထွက်သွားရမှာဆိုတော့ လူ့လောကက ပြန်ထွက်မသွားခင် ဝိပဿနာတရားကို အားထုတ်ဖြစ်အောင် အားထုတ်ဖြစ်သွားဖို့ပါပဲလေ။

အလင်းတန်းဂျာနယ်

၂၅ - ၉ - ၂၀၀၆





အချစ်နှင့်ဝိပဿနာ ။၁။

အချစ်မရှိတဲ့ တစ်နေ့သောအခါ

www.burmeseclassic.com

www.burmeseclassic.com



# အချစ်နှင့်ဝိပဿနာ(၉)

## အချစ်မရှိတဲ့တစ်နေ့သောအခါ

တစ်ခါတုန်းက ပရိယတ္တိ ပဋိပတ္တိကျွမ်းကျင်တဲ့ ဆရာတော်တစ်ပါးရှိပါတယ်။

ဆရာတော်က စာလည်းချပါတယ်၊ တရားလည်း ဟောပါတယ်၊ သံဃာ့အဖွဲ့အစည်းတွေ၊ ပရဟိတအဖွဲ့အစည်းတွေမှာလည်း ပါနေတော့ စည်းဝေးပွဲတွေလည်း မကြာခဏတက်နေရပါတယ်။ ဆိုလိုတာကတော့ နေ့စဉ်အလုပ်များနေတဲ့ ဆရာတော်ပါ။

တစ်နေတော့ ဆရာတော့်မှာ နှလုံးရောဂါပုံစံမျိုး ရောဂါတစ်ခုဝင်လာပါတယ်။ ဆရာဝန်ပြကြည့်တော့ ဆရာဝန်က ဘာပြောသလဲဆိုတော့ "ဆရာတော် နှလုံးရောဂါဖြစ်ချင်တဲ့ လက္ခဏာပဲဘုရား၊ အဲဒါ ဆရာတော် ဘာအလုပ်မှမလုပ်ဘဲ တစ်လလောက်အနား ယူပေးပါဘုရား၊ စာလည်း မချပါနဲ့၊ တရာလည်းလိုက်မဟောပါနဲ့၊ သာရေးနာရေးတွေလည်း မလိုက်ပါနဲ့၊ စိတ်ကိုလည်း



အနားပေး ရုပ်ကိုလည်း အနားပေးထားပါဘုရား"လို့ လျှောက်ပြပြီး သောက်ဆေးလည်း ပေးလိုက်ပါတယ်။

ဆရာတော်ကလည်း ဆရာဝန်ပြောတဲ့အတိုင်းပဲ တစ်လအနားယူလိုက်ပါတယ်။ အဲဒီတစ်လအတွင်း စာလည်း မချ၊ တရားလည်း မဟော၊ သာရေးနာရေးလည်း မလိုက်ဘဲနေနေလိုက်ပါတယ်။

ဒီတော့ ဘာအလုပ်မှ မလုပ်ရတော့ အချိန်တွေက တအားပိုနေပါတယ်။ တခြားဘာမှ လုပ်စရာမရှိတာနဲ့ တရားပဲထိုင် အားထုတ်ပစ်နေလိုက်ပါတယ်။ ဆရာတော်က တရားအားထုတ်ရင်းနဲ့ စိတ်ထဲမှာလည်း ကျေကျေနပ်နပ်နဲ့ ဝိပဿနာဉာဏ်စဉ်လေးတွေ ဝင်လာပါတယ်။

တစ်နေ့တော့ ဆရာတော့်ရဲ့ သူငယ်ချင်း ဆရာတော်တစ်ပါး ကြွလာပါတယ်။ ကြွလာတာကတော့ လူနာမေးကြွလာတာပါ။

စကားတွေပြောကြရင်းနဲ့ ရောဂါဖြစ်နေတဲ့ ဆရာတော်က ဘာပြောသလဲဆိုတော့ "ဆရာတော်ရယ်၊ တပည့်တော် ဒီရောဂါဖြစ်လိုက်တော့ စာလည်းမချရ၊ တရားလည်း မဟောရ၊ သာရေးနာရေးလည်း မလိုက်ရဆိုတော့ အချိန်တွေက ပိုနေတယ်ဘုရား၊ တရားမှတ်ရင်းနဲ့ ဉာဏ်စဉ်လေးတွေလည်း ထိုက်သင့်သလောက် ဝင်လာတော့ စိတ်ထဲလည်း အေးအေးချမ်းချမ်း ရှိလာတယ်ဘုရား။အဲဒါ တပည့်တော် ဘယ်လိုစဉ်းစားမိသလဲ ဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ငါ့ဒီရောဂါသာမဖြစ်ရင် ဒီလိုတရားအားထုတ် ဖြစ်မှာ မဟုတ်ဘူး၊ ရောဂါဖြစ်လို့ တရားအားထုတ်ဖြစ်တာလို့ စဉ်းစားမိတယ်ဘုရား။ ပြီးတော့ ရောဂါဖြစ်တာတောင် ကျေးဇူးတင်နေမိတယ်ဘုရား"လို့ လျှောက်ပြပါတယ်။

ဒီတော့ သူငယ်ချင်းအာဂန္တုဆရာတော်ဘုရားက ဘာပြန်ပြောသလဲဆိုတော့ 'ကပ်ကြီးဆိုက်တော့ လာဘ်ကြီးတိုက်တာပေါ့'လို့ ပြန်ပြော လိုက်ပါသတဲ့။

ကျောင်းထိုင်ဆရာတော်ကလည်း အာဂန္တုဆရာတော်ပြောတဲ့ 'ကပ်ကြီးဆိုက်တော့ လာဘ်ကြီးတိုက်တာပေါ့' ဆိုတဲ့စကားကို သိပ်သဘောကျသွားပါသတဲ့။

ဒါဟာ ရောဂါဝေဒနာက ဝိပဿနာကုသိုလ်ဖြစ်ဖို့အတွက် ကျေးဇူးပြုလိုက်တာပါ။ ရောဂါဖြစ်တာကကို ကျေးဇူးတင်စရာဖြစ်သွားပါပြီ။

တကယ်တော့ ဝိပဿနာတရားဟာ နေရာတိုင်းမှာ အသုံးပြုလို့ရရနေတာပါ။ ဒါကကို အံ့ဩစရာကောင်းနေတာပါ။

ဒီလိုအပြုအမူမျိုးလေးတွေ ပြုမူနိုင်ဖို့ဆိုတာကလည်း ကိုယ့်မှာ တရားဗဟုသုတလေးတွေ ရှိနေမှပါ။ တရားဗဟုသုတမရှိ ပြန်ရင်လည်း အော်လို့ပဲ ငြီးနေရမှာပါ။ တရားဗဟုသုတလေးတွေရှိဖို့ အလွယ်ကူဆုံးကတော့ စာဖတ်တာပါပဲ။ ပြဿနာကြုံလာတဲ့အခါ ကိုယ်ဖတ်ထားတဲ့အထဲက တရားဗဟုသုတလေးတွေကို



ပြန်နှလုံးသွင်းပြီး ကျင့်သုံး ကျင့်သုံးသွားလို့ရပါတယ်။

ကိုယ်သိထားတဲ့ ဗဟုသုတလေးတွေနဲ့ အပြင်မှာ လက်တွေ့တစ်ခါအသုံးချကြည့်ဖြစ်တိုင်း တော်တော်ဟုတ်တဲ့ ငါပါလားဆိုပြီး ကိုယ့်ကိုယ်ကိုယ် သိပ်အားရ ကျေနပ်ရတာပါ။

လူ့လောကမှာက အပူဖြစ်စရာတွေ အများကြီးရယ်ပါ။ ကိုယ့်မှာ နှလုံးသွင်းစရာ တရားဗဟုသုတတစ်ခုခုရှိနေမှပါ။ မရှိရင် သိပ်ပူလောင်ရတာပါ။

စာရေးသူကတော့ နှလုံးသွင်းစရာ တရားအသိလေးတွေရဖို့ ယောဆရာတော်ဘုရား၊ ဆရာတော်ဦးဇောတိက၊ ဘုန်းကြီးဦးဆေကိန္ဒ၊ ဦးဇင်းအရှင်ဆန္ဒာဓိကတို့ရဲ့ စာအုပ်တွေ တရားခွေတွေကို အလုပ်တစ်ခုလိုကို သဘောထားပြီး ဖတ်ဖြစ်နာဖြစ်ပါတယ်။ ဒီဆရာတော်ဘုရားတွေက အပြင်မှာ လက်တွေ့အသုံးချလို့ရအောင် ရေးပြဟောပြထားလို့ပါ။ ကိုယ်တိုင်ကကြည်ညိုတာလည်းပါသလို ပုဂ္ဂိုလ်ရေးသံယောဇဉ်ရှိတာလည်း ပါပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ အာရုံဆိုးတွေနဲ့တွေ့တဲ့အခါ နှလုံးမသွင်းတတ်ဘဲ အမှားတွေကျူးလွန်မိမှာ စိုးလို့ပါ။

လောဘကြောင့်သေ ပြိတ္တာပြည်။
ဒေါသကြောင့်သေ ငရဲပြည်။

www.burmeseclassic.com

www.burmeseclassic.com



မောဟကြောင့်သေ တိရစ္ဆာန်ပြည်။

အားလုံးကြားဖူး ရဖူးတဲ့ စကားလေးပါ။ ဒါပေမယ့် သုတ်ပါထေယျအဋ္ဌကထာ စက္ကဝတ္တိသုတ်မှာကျတော့–

လောဘဆိုတဲ့ အငတ်ဘေးကြောင့်သေရင် ပြိတ္တာပြည်။

ဒေါသဆိုတဲ့ လက်နက်ဘေးကြောင့်သေရင် ငရဲပြည်။

မောဟဆိုတဲ့ အနာရောဂါဘေးကြောင့်သေရင် နတ်ပြည်တဲ့။

"မောဟဆိုတဲ့ အနာရောဂါဘေးကြောင့်သေရင် နတ်ပြည်"ဆိုတော့ ကြားဖူးနေကျ စကားနဲ့ဆန့်ကျင်ဘက် ဖြစ်နေပါတယ်။

အဋ္ဌကထာဆရာက ရောဂါဝေဒနာ ခံစားနေရတဲ့အခါမှာ ကိုယ်ခံစားနေရတဲ့ ရောဂါလေးကို အာရုံပြုပြီး "အခုလို ငါခံစား နေရသလို သတ္တဝါတွေ မခံစားရပါစေနဲ့"လို့ မေတ္တာစိတ်ဖြစ်နေမယ်၊ မေတ္တာပို့နေမယ်ဆိုရင် အဲဒီမေတ္တာစိတ်နဲ့ သေသွားရင် နတ်ပြည် ရောက်မှာပါတဲ့။ ဒါကြောင့် အနာရောဂါနဲ့သေရင် နတ်ပြည်လို့ပြောတာပါတဲ့။

ရောဂါဝေဒနာဖြစ်လာတဲ့အခါ ကိုယ်ခံစားနေရတာကို အာရုံပြုရင်း ကိုယ်ချင်းစာစိတ်မွေးပြီး "ငါခံစား



နေရသလို သူလည်း မခံစားရပါစေနဲ့"လို့ မေတ္တာပွားတဲ့ နည်းကလည်း တစ်မျိုးစိတ်ဝင်စားစရာပါ။ ဘာဖြစ်လို့လဲ ဆိုတော့ လက်တွေ့အသုံးချကြည့်လို့ ရလို့ပါ။ ရောဂါ ဝေဒနာကြီးကြီးမှတင် မဟုတ်ပါဘူး။ ဥပမာ – ခေါင်း ကိုက်နေရင်လည်း "ငါခေါင်းကိုက်ဝေဒနာခံစားနေရသလို သူလည်း မခံစားရပါစေနဲ့"လို့ မေတ္တာပွားလို့ရပါတယ်။

လူတစ်ယောက်ရဲ့ဘဝမှာ ကုသိုလ်စိတ် အစဉ်သဖြင့် ဖြစ်နေဖို့ သိပ်အရေးကြီးတာဆိုတော့ ကိုယ့်ရင်ထဲမှာ မေတ္တာစိတ်ဖြစ်နေရင်လည်း ကုသိုလ်စိတ်ဖြစ်နေတာပါ။ အဲဒီစိတ်ကလေးနဲ့ ဖြတ်ကနဲသေသွားရင်တောင် ကောင်းတဲ့ဂတိတစ်ခုခုတော့ ရောက်သွားမှာ အသေအချာပါပဲ။

ဝေဒနာဖြစ်လာပြီဆိုရင် ကိုယ့်မှာတရား ဗဟုသုတလေးတွေရှိနေမှ အဲဒီတရားဗဟုသုတလေးတွေနဲ့ နေနေမှ အဆင်ပြေတာပါ။

အဲဒီလိုမှမဟုတ်ဘဲ ဖြစ်ပေါ်နေတဲ့ ဝေဒနာကို သည်းမခံနိုင်ဘဲ အော်ဟစ်ငြီးတွားနေမယ်ဆိုရင် ပိုလို့ပဲ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရမှာပါ။

အကောင်းဆုံးကတော့ ဝေဒနာဖြစ်လာပြီဆိုရင် တရားလေးနဲ့နေတာကတော့ အကောင်းဆုံးပါပဲ။ ဂုဏ်တော်ပဲပွားပွား၊ မေတ္တာပဲပွားပွား၊ ဝိပဿနာပဲပွားပွား တစ်ခုခုကို ပွားနေဖို့ပါ။ ဒါမှမဟုတ် ဂုဏ်တော်တစ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပွားလိုက်၊ မေတ္တာတစ်လှည့်ပွားလိုက်၊ ဝိပဿနာတစ်လှည့် ပွားလိုက် တစ်လှည့်စီပွားနေလို့လည်း ရပါတယ်။

ရှေ့က အာဂန္တုဆရာတော်ဘုရားပြောသလို ဝေဒနာဖြစ်လာတာ ကိုယ့်အတွက် လာဘ်ကြီးလာတိုက်တာပါ။

ဝေဒနာဖြစ်လာတော့ ဘာအလုပ်မှ လုပ်စရာမလိုတော့ဘဲ အချိန်တွေ အပြည့်ရနေတာပါ။ လူတစ်ယောက်ရဲ့ဘဝမှာ အဲဒီလို အချိန်ပြည့်ရဖို့ဆိုတာ တော်တော်မလွယ်တဲ့ကိစ္စပါ။

ဒီတော့ ကိုယ်က "ဒါဟာ ငါ့အတွက် မဟာ အခွင့်အရေးကြီးပဲ"ဆိုပြီး တရားကို ဖိအားထုတ်ပစ်ဖို့ပါ။

ရောဂါဖြစ်နေတုန်း တရားအားထုတ်တာဟာ တစ်ဖက်က ဘုရားဆေးနဲ့ ကုပေးနေတာပါ။ လောကီဆေးသက်သက်တင် မဟုတ်ဘဲ လောကုတ္တရာဆေးပါ ပေါင်း ကုလိုက်တော့ ရောဂါအတွက် တစ်ခုခုတော့ အထောက်အကူပြုသွားမှာပါ။

လူတိုင်းမဟုတ်ပေမယ့် တချို့ကုလို့မရတော့တဲ့ ရောဂါတွေ ဝိပဿနာတရားအားထုတ်ရင်း ပျောက်သွားတဲ့ သာဓကတွေ ကိုယ်တွေ့ဖြစ်ရပ်တွေကို စာတွေထဲမှာ ပြန်ရေးပြထားတာတွေ ဖတ်ကြရဖူးမှာပါ။

တစ်သက်လုံး နာလာခဲ့တဲ့ဒူး တရားအားထုတ်လိုက်မှ ပျောက်သွားတာ၊ မိုက်ထဲကအလုံး တရားအား



ထုတ်ရင်း ပျောက်သွားတာ စသည်ဖြင့် အများကြီးပါပဲ။

တချို့ ရောဂါဝေဒနာတွေဟာ စိတ်ဆင်းရဲမှုကြောင့် ရောဂါပိုဆိုးသွားရတာတွေ အများကြီးရှိပါတယ်။ ဒါက အားလုံးသိပါတယ်။ ရောဂါဖြစ်နေချိန်မှာ စိတ်ချမ်းသာနေဖို့ သိပ်အရေးကြီးပါတယ်။ စိတ်ချမ်းသာဖို့အတွက် ဝိပဿနာတရားက သိပ်အဓိက ကျတာပါ။

စိတ်ဆင်းရဲတယ်ဆိုတာ ရင်ထဲမှာ အကုသိုလ်ကိလေသာတစ်ခုခု ဝင်နေလို့ပါ။ ဝိပဿနာတရားမှတ်နေရင် အကုသိုလ် ကိလေသာတွေ တဒင်္ဂငြိမ်းနေတာပါ။ ရင်ထဲမှာ အကုသိုလ်ကိလေသာ ငြိမ်းနေရင် စိတ်ချမ်းသာနေရတာပါ။

ဒါကြောင့်ရောဂါဝေဒနာဖြစ်လာရင် စိတ်မဆင်းရဲဖို့ ဝိပဿနာတရားလေးကို အထောက်အကူအဖြစ် ယူထားသင့်ပါတယ်။

ခန္ဓာရှိနေတဲ့အတွက် ဝေဒနာကလည်း ရှိနေမှာပါ။ ခန္ဓာမရှိမှသာ ဒီဝေဒနာက မရှိတော့မှာပါ။

ခန္ဓာမရှိဖို့အတွက်လည်း ဒီခန္ဓာကြီးကိုပဲ ပြန်အားကိုးရမှာပါ၊ ပြန်အသုံးချရမှာပါ။

ဘာပဲပြောပြော လူ့ဘဝရနေတာကကို သိပ်ပြီး ကံကောင်းနေတာပါ။ ဘာဖြစ်လို့လဲဆိုတော့ လူ့ပြည်မှာ စိတ်ကြိုက်ကုသိုလ်တွေ ပြုခွင့်ရနေလို့ပါ။ ဒါနပဲပြုပြု၊ သီလပဲ ဆောက်တည် ဆောက်တည်၊ ပရဟိတပဲလုပ်လုပ်၊

www.burmeseclassic.com

www.burmeseclassic.com



သမထပဲပွားပွား၊ ဝိပဿနာပဲပွားပွား ကိုယ်ကြိုက်ရာကို ကြိုက်သလိုပြုခွင့်ရနေလို့ပါ။

အချစ်ကြောင့် သောကရောက်လို့ပဲ အားထုတ်အားထုတ်၊ ပါရမီဖြစ် ကုသိုလ်ဖြစ်ပဲ အားထုတ်အားထုတ်၊ စိတ်ချမ်းသာဖို့ သက်သက်အတွက်ပဲ အားထုတ်အားထုတ်၊ စိတ်ဆင်းရဲမှုတွေ ပျောက်ဖို့အတွက်ပဲ အားထုတ်အား ထုတ်၊ ဘယ်လိုအကြောင်းကြောင့်ပဲ အားထုတ်အားထုတ်၊ ဝိပဿနာတရားကို အားထုတ်ဖြစ်နေတာကကို လူ့ဘဝရနိုက်မှာ အဓိပ္ပါယ်ရှိတဲ့ အလုပ်တစ်ခုကို လုပ်နေတာပါပဲ။

"အချစ်မရှိတဲ့ တစ်နေ့သောအခါ"ဖြစ်အောင် ကိုယ်စီကြိုးစားရမှာပါ။ ဘယ်တော့ရောက်ဖြစ်ကြမယ်တော့ မသိပါဘူး။ သံသရာအဆက်ဆက် ချစ်ခဲ့ရတဲ့အချစ်တွေကလည်း မနည်းတော့ပါဘူးလေ။ ဘာပဲပြောပြော "အချစ်မရှိတဲ့ တစ်နေ့သောအခါ" ဖြစ်ဖို့အတွက် ဝိပဿနာတရားမှတစ်ပါး အခြားမရှိတာတော့ အမှန်ပါပဲလေ။

အလင်းတန်းဂျာနယ်
၂ . ၁၀ . ၂၀၀၆

"ဤစာရေးရသော ကုသိုလ်ကောင်းမှုအဘို့ ဘာဂသည်နိဗ္ဗာန်၏အထောက်အပံ့ဖြစ်ပါစေသတည်း"
ရဲဝေနွယ်(အင်းမ)



## ကျမ်းကိုးစာရင်း


၁။ ဓမ္မပဒ (ပ-၃)။

၂။ အခြေပြုပင်မဋ္ဌာန်းတရားတော်။
(အရှင်ဇနကာဘိဝံသ)

၃။ သဂြိုဟ်ဘာသာဋီကာ။
(အရှင်ဇနကာဘိဝံသ)

၄။ ဓမ္မစကြာတရားတော်ကြီး။
(မဟာစည်ဆရာတော်ဘုရား)

၅။ သင်္ဂဟဓာစကားပုံပေါင်းချုပ်။

၆။ မဟာဗုဒ္ဓဝင်။
(ပ-တွဲ၊ ပ-ပိုင်း။ ဆဋ္ဌ-တွဲ၊ ဒု-ပိုင်း)

၇။ ကာမဟူသည်။
(တည်တောဆရာတော်ဘုရား)


www.burmeseclassic.com

www.burmeseclassic.com



## ဓမ္မရဝေ ဓမ္မစာပေပြန့်ပွားရေးထာဝရပဒေသာပင်
## ဓမ္မဒါနအလှူရှင်များ

၁။ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) ၁,၄၀၀,၀၀၀
၂။ ဦးရှိန်ဝင်း + ဒေါ်ခင်ချိုဦး ၁,၀၆၀,၀၀၀
(တက်လမ်းဆောက်လုပ်ရေး)
၃။ ကိုစိုးနိုင် + မစိမ့်ဟန်နီ ၆၄၀,၀၀၀
(ဓိဝရိုးပွဲရုံနှင့် စိမ့်ရတနာဆိုင်)
၄။ ဦးခင်မောင်အေး + ဒေါ်ခင်စောမူ ၅၀၀,၀၀၀
(ပရင့်ဆက်ဟိုတယ်)
၅။ ဦးစိုးကြီး(ကွမ်းယာ)+ဒေါ်ညွန့်ရီ(မြိတ်မြို့) ၅၀၀,၀၀၀
၆။ ဦးအောင်ဇော် + ဒေါ်နန်းကျော့ ၄၅၀,၀၀၀
(သြစတြေးလျ)
၇။ ဦးအောင်မြင့် + ဒေါ်သုခ ၄၀၀,၀၀၀
(အောင်သုခမြန်မာထမင်းဆိုင်)
၈။ Dr. အောင်နိုင် + Dr. ဖြူဖြူဝင်း ၄၀၀,၀၀၀
၉။ ဦးမောင်မောင်စိုး + ဒေါ်မဥ္ဇူ၊ ၄၀၀,၀၀၀
သား ခန့်ကြွယ်စိုး၊ သမီး စုလဲ့ဖြူ
၁၀။ ကိုအေးထွန်း+မချောစု၊သမီးထွန်းအိန္ဒြာစုံ ၃၅၀,၀၀၀
(ခ)ဂုံဂုံ၊ သားဟိန်းမြတ်ထွန်း(ခ)ကောင်းချစ်၊(ဖျာပုံ)
၁၁။ ဘိုကလေးမြို့တရားနာအလှူရှင်များ ၃၅၀,၀၀၀
၁၂။ ဦးမျိုးမြင့် + ဒေါ်မြင့်မြင့်သိန်း ၃၅၀,၀၀၀
(စိန်မျှားဆေးပေါ့လိပ်)
၁၃။ Dr. ထူးမောင်အုန်း+ဒေါ်ခင်မေအုံကြီး ၃၀၀,၀၀၀
(U . S . A)



၁၄။ ကိုအောင်ထွန်းသိန်း + မလွင်မာအောင် ၃၀၀,၀၀၀
သား မင်းသန့်ကျော်
(အောင်သပြေဆေးဆိုင်၊ ဈေးချို၊ မန္တလေး)
၁၅။ ဖခင် ဦးမောင်မောင်အား အမှူးထား၍ ၂၅၀,၀၀၀
ဦးသန့်ဇင်ဦး + ဒေါ်လဲ့လဲ့
၁၆။ ဦးဝင်းမြင့် + ဒေါ်ခင်သန်းလှ ၂၅၀,၀၀၀
၁၇။ ဗိုလ်မှူးကြီးမင်းလှအောင် + ဒေါ်ကြူကြူမာ ၂၅၀,၀၀၀
၁၈။ ဦးညွန့်ဝင်း + ဒေါ်ခင်နီလာမြင့် ၂၁၀,၀၀၀
သားမောင်ရဲခေါင်ဦး၊သမီးမတာရာမြတ်မိုရ်
(စာပေလောက-၆)
၁၉။ ကိုချိုတူး + မပုံ့ပုံ့(မန္တလေး) ၂၀၀,၀၀၀
၂၀။ ကိုမျိုးထက်ညွန့် + မကြည်ကြည်စန်း၊ ၂၀၀,၀၀၀
သားမျိုးဆက်ပိုင်၊ ဇော်မျိုးဆက် (ဖျာပုံ)
၂၁။ ဦးအောင်ကိုကို + ဒေါ်ခင်ခင်ဦး ၂၀၀,၀၀၀
သမီးမမျိုးမြတ်လင်း (ဘိုကလေး)
၂၂။ ဦးကျော်စိုး+ဒေါ်မိမိခိုင် (မြိတ်မြို့) ၂၀၀,၀၀၀
၂၃။ ဗိုလ်ကြီးကျော်ရဲထွန်း+ဒေါ်ခိုင်ခိုင်ဝါ ၂၀၀,၀၀၀
မင်္ဂလာဦးအလှူ (မြိတ်မြို့)
၂၄။ ဦးရဲမြင့်ဆွေ + ဒေါ်တင်တင်ဝင်းမိသားစု ၁၇၅,၀၀၀
၂၅။ လွန်းထားထား (ဆေးတက္ကသိုလ်) ၁၅၀,၀၀၀
၂၆။ ဒေါ်တင်ရီ(ပေါင်းတည်) ၁၅၀,၀၀၀
၂၇။ (ဦးဟုတ်ယုံ)+ဒေါ်ကျင်လှ ၁၅၀,၀၀၀
သား(Capt:)ကိုငွေးမြင့်
၂၈။ မယဉ်မျိုးမျိုးအေး (Costume Designer) ၁၅၀,၀၀၀
၂၉။ စာအုပ်ချုပ် ဦးမြင့် + ဒေါ်လှလှအေး ၁၅၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၃၀။ | ဦးလေးမောင်အားရည်စူး၍ဇနီးဒေါ်ယဉ်မြင့် | ၁၄၀,၀၀၀ |
| ၃၁။ | ဒေါ်ကြွေကြွေ+ဒေါ်အေးအေးမြင့်+ ဒေါ်စိမ်းစိမ်းရည် (မန္တလေး) | ၁၃၀,၀၀၀ |
| ၃၂။ | ကွယ်လွန်သူ ဒေါ်သန်းသန်း (စကော့ပူ) | ၁၃၀,၀၀၀ |
| ၃၃။ | ကွယ်လွန်သူဖခင်ကြီးဗိုလ်မှူးသူရ (B.I.A + B.P.F) နှင့် မိခင်ကြီးဒေါ်ခင်ရီ၊ သားကြီးမောင်သူရိန်တို့အား ရည်စူး၍ ဦးကိုကိုကြီး + ဒေါ်မေသန်းမြင့် | ၁၂၀,၀၀၀ |
| ၃၄။ | ဒေါက်တာစောဝင်းအေး၊ မမိုးစပါယ်အေး (ခေတ္တ U.S.A) (၃.၁.၀၄) | ၁၁၀,၀၀၀ |
| ၃၅။ | ဦးဝင်းသန်းသောင်း + ဒေါ်တင်တင်ရွှေ သားရန်မျိုးအောင်၊ သမီးထက်သဉ္ဇာအောင် | ၁၁၀,၀၀၀ |
| ၃၆။ | ဦးသိန်းအေး + ဒေါ်လှဲလှဲ၊ သမီးယမင်းထက် | ၁၀၀,၀၀၀ |
| ၃၇။ | မဝင်းပပချယ်ရီထွေး(ခေတ္တ–Japan) | ၁၀၀,၀၀၀ |
| ၃၈။ | ဦးအောင်သန်းဝင်း(ခေါ်)မိုးကြီး+ဒေါ်နီနီမာ | ၁၀၀,၀၀၀ |
| ၃၉။ | ဦးကျော်ခ + ဒေါ်ရှူး (တောင်ငူ) | ၁၀၀,၀၀၀ |
| ၄၀။ | ဦးဇော်မောင်အုံးနှင့် (တူ)ထွန်းဝင်းလှ | ၁၀၀,၀၀၀ |
| ၄၁။ | ဒုဗိုလ်မှူးကြီးဇင်ဝေသိမ်း+ဒေါ်ခင်ခင်ဝင်း | ၁၀၀,၀၀၀ |
| ၄၂။ | ဗိုလ်မှူးဟန်တင် + ဒေါ်စန်းစန်းလေး သမီးဒေါက်တာနွယ်နီဟန်တင် | ၁၀၀,၀၀၀ |
| ၄၃။ | ဦးထွန်းအောင် + ဒေါ်ခင်ရီ | ၁၀၀,၀၀၀ |
| ၄၄။ | ဦးစိန်ဝင်း+ဒေါ်ဖြူဖြူအေး၊ သားကုဋ္ဌေအောင် ကုဋ္ဌေအောင်ဟိုတယ် ( ပုဂံ ) | ၁၀၀,၀၀၀ |
| ၄၅။ | ပိုင်ဇေရဲထွန်း + သဲသဲ | ၁၀၀,၀၀၀ |
| ၄၆။ | ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်းမိသားစု | ၁၀၀,၀၀၀ |



| | | |
|---|---|---|
| ၄၇။ | ဦးတင်ဝင်းသျှင်+အကယ်ဒမီဒေါ်ခင်လေးသိမ့် သမီးကြည်ဖြူသျှင် – နရွှေရည် | ၁၀၀,၀၀၀ |
| ၄၈။ | ဦးဝင်းခင်+ဒေါ်မြင့်မြင့်ကြည်၊ သား သရုပ်ဆောင်ကျော်ရှိန်း၊ ဗိုလ်ကြီးမျိုးဇော်ဝင်း၊ သမီးသဉ္ဇာဝင်းခင်၊ သရုပ်ဆောင်ပပဝင်းခင် | ၁၀၀,၀၀၀ |
| ၄၉။ | ဦးသက်လွင် + ဒေါ်ကြည်ကြည်ဝင်း၊ မြသီရိ မိသားစု | ၁၀၀,၀၀၀ |
| ၅၀။ | ဦးစိုးစိုး+ဒေါ်သီဂီဝင်း၊ သားမောင်ဇော်ထွန်း သမီး မစန္ဒီထွန်း | ၁၀၀,၀၀၀ |
| ၅၁။ | ဦးဝိုင်စိန် + ဒေါ်ထွေးသိန်း မိသားစု (ကျောက်တံခါးမြို့) | ၁၀၀,၀၀၀ |
| ၅၂။ | ဗိုလ်မှူးကြီးမောင်အုံး(ငြိမ်း)+ဒေါ်ခင်စိုး | ၁၀၀,၀၀၀ |
| ၅၃။ | ဦးကျော်ခင် + ဒေါ်မွှေးမွှေးမိသားစု ( Decoland Co.Ltd ) | ၁၀၀,၀၀၀ |
| ၅၄။ | ဦးစိုးနိုင် + ဒေါ်သီသီအောင် သားမောင်ဘုန်းနိုင်မိသားစု | ၁၀၀,၀၀၀ |
| ၅၅။ | Diary Queen မိသားစု | ၁၀၀,၀၀၀ |
| ၅၆။ | မောင်ကျော်ကျော်စိုး + မညိုညိုလွင် | ၁၀၀,၀၀၀ |
| ၅၇။ | ဒေါ်မွှေးမွှေးကြည်၊ သားမောင်ကောင်းကျော် (U.S.A) | ၁၀၀,၀၀၀ |
| ၅၈။ | ဦးဟုန် + ဒေါ်သန်းလှ သမီးဒေါ်ခင်ခင်ဦး၊ သားမျိုးဇော်ဦး | ၁၀၀,၀၀၀ |
| ၅၉။ | ဒေါက်တာနွယ်နွယ်ဦး ( U.K ) | ၁၀၀,၀၀၀ |
| ၆၀။ | ဒေါက်တာကျော်ကျော်မိုး + မခင်မိုးဆမ်း | ၁၀၀,၀၀၀ |
| ၆၁။ | ပါမောက္ခချုပ် ဦးမင်းသန်းသောင်း(ငြိမ်း)+ | ၁၀၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ခင်ခ

၆၂။ ဦးမြင့်စိုး+ဒေါ်မူမူစိုး၊ သမီးနေခြည်မြင့်စိုး၊ ၁၀၀,၀၀၀
သော်တာမြင့်စိုး

၆၃။ ဦးဟန်တင်+ဒေါ်ကြည်စိန်၊ သမီးခင်ခင်စိုး၊ ၁၀၀,၀၀၀
ဈေးအနောက်-ပွဲစားတန်း၊ (မိတ္ထီလာ)

၆၄။ ဦးစိုး+ဒေါ်ခင်မေမိသားစု ၁၀၀,၀၀၀
(အောင်စိုးမိုးဆန်စက်) ဝေါမြို့

၆၅။ မိခင်ကြီး Dr.ဒေါ်လုကြည်အားရည်စူး၍ ၁၀၀,၀၀၀
ဦးထွန်းထွန်း၊ ဒေါ်ချိုချိုစန်း၊ သက်လင်းထွန်း၊
ဇင်နွယ်ထွန်း

၆၆။ ကိုစိုးလွင် + မမိုးမိုးစိုး၊ ၁၀၀,၀၀၀
သားစည်သူဝင်းထွန်း (ဝေါ)

၆၇။ ဒေါ်အေးအေးဝင်း ၁၀၀,၀၀၀

၆၈။ မကေသီ (Yangon Air Way) ၁၀၀,၀၀၀

၆၉။ ကိုအောင်ကျော်ဆင့်+မနှင်းငွေရည် ၁၀၀,၀၀၀
(မြကြာငုံစာပေ)

၇၀။ ဦးသောင်းလှ+ဒေါ်တင်ရွှေ၊ ၉၀,၀၀၀
သမီးမမို့မို့(ဖျာပုံ)

၇၁။ ဒေါ်ခင်စောတင့် ၈၀,၀၀၀

၇၂။ ကိုသန့်ဇော် + မနုနုအောင်(ဖျာပုံ) ၇၀,၀၀၀

၇၃။ ကိုခင်ဇော် + မမိုးသူ၊ ၇၀,၀၀၀
သား ဟန်သုတ(လက်ပန်ကျေးရွာ)

၇၄။ ကိုတိုးလွင်+ မကေသီခိုင် သားလွင်ကိုဦး ၇၀,၀၀၀

၇၅။ ဦးစံမင်း + ဒေါ်မာလာဝင်း ၇၀,၁၀၀
(NEW DAY - ကာလာခွဲ)



၇၆။ ဒုရဲအုပ်အောင်သိန်း နှင့် ဦးတင်ထွန်းအောင် ၇၀,၀၀၀
အောင်သက်

၇၇။ ဒေါက်တာနေမျိုးအောင်+မခင်စိုးစိုးသင်း ၆၃,၀၀၀

၇၈။ ကိုကျော်သူ + မရွှေစီးကွက် ၆၀,၀၀၀

၇၉။ ဦးမောင်မောင်လွင်+ဒေါ်မြမြသိန်း(ခ) ၅၅,၀၀၀
မမော်မော်၊ သားမောင်ကျော်ဇင်ဟိန်း

၈၀။ ဖခင်ဦးလေးမောင်အားရည်စူး၍ ၅၅,၀၀၀
မအေးစံပယ်၊ မယုဇနု (ရန်ကင်း)

၈၁။ ဒေါက်တာကျော်သိန်း+ဒေါ်နန်းဥမ္မာရီ၊ ၅၀,၀၀၀
သမီး နန်းရတနာသိန်း

၈၂။ မငွေငွေမွန်၊မခိုင်ခိုင်စိုး(ညောင်လေးပင်) ၅၀,၀၀၀

၈၃။ ပဲနွယ်ကုန်းဆရာတော် ၅၀,၀၀၀

၈၄။ ဦးသိန်းထိုက်ဦး + ဒေါ်မျိုးမျိုးမင်း
သမီး ဇေဇင်ဦး(မယ်လုလင်သက်နှင်းတိုက်) ၅၀,၀၀၀

၈၅။ (ဦးအောင်သန်း) + ဒေါ်တင်ရီ (ဖျာပုံ) ၅၀,၀၀၀

၈၆။ ဦးအောင်ကြည် + ဒေါ်ခင်ပြုံး (ဖျာပုံ) ၅၀,၀၀၀

၈၇။ ဒေါ်ခင်ခင်သိန်း ၅၀,၀၀၀

၈၈။ ဦးရဲထွန်း + ဒေါ်သင်္ကြီဇင် ၅၀,၀၀၀

၈၉။ ဦးဝင်းနိုင် + ဒေါ်ချိုချို သမီး သီရိရွှေစင် ၅၀,၀၀၀

၉၀။ ဦးကျင်တိတ် + ဒေါ်ကျင်မွှမ် (မန္တလေး) ၅၀,၀၀၀

၉၁။ ဦးခင်အောင် + ဒေါ်ကြည်ကြည်သက် ၅၀,၀၀၀

၉၂။ ဒေါ်ခင်မေဦး၊ ဒေါ်မြင့်သန်း ၅၀,၀၀၀

၉၃။ ကိုထွန်းထွန်းလင်း ၅၀,၀၀၀

၉၄။ မမြမြအေး (ဈေးချို၊ မန္တလေး) ၅၀,၀၀၀

၉၅။ ဦးလွင်သိန်း + ဒေါ်တင်အေး၊ ၅၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com



သမီး အိအိအေး၊ သား မောင်ပိုင်စိုး၊
နေလစာပေ

၉၆။ မရတနာဖြိုး Golden Princess Fashion ၅၀,၀၀၀
Yuzana Plaza

၉၇။ ဦးသန်းစိန် + ဒေါ်ခင်ဝင်းမြင့် မိသားစု ၅၀,၀၀၀

၉၈။ ကိုထွန်း + ငြိမ်းငြိမ်း၊ သား - သားထူး ၅၀,၀၀၀
ပရင့်ဆက်ဟိုတယ်

၉၉။ ဦးထွန်းသိန်းအား ရည်စူး၍ ဒေါ်သဲရွှေ ၅၀,၀၀၀

၁၀၀။ ကိုနိုင်အေး+မငွေဇာဖူး၊ သားမောင်သုတဇော် ၅၀,၀၀၀
မောင်စွမ်းပြည့်နိုင်မိသားစု

၁၀၁။ ကိုအောင်အောင်+မသန္တာလွင်၊ ၅၀,၀၀၀
သားကျော်ဒေးယျ (မန္တလေး)

၁၀၂။ ဗိုလ်မှူးဝဏ္ဏ+မနွယ်နွယ်ဝင်း၊ ၅၀,၀၀၀
သမီးသင်းဝဏ္ဏနွယ်၊ နှင်းဝဏ္ဏနွယ်မိသားစု

၁၀၃။ ဦးမျိုးချစ်+ဒေါက်တာညိုညိုဝင်း၊ ၅၀,၀၀၀
သားပြည်သိမ်းနိုင်မိသားစု

၁၀၄။ ဒေါ်ဘေဘီ+ဒေါ်ရွှေနီ(အရိုးအထူးကုဆေးရုံကြီး) ၅၀,၀၀၀

၁၀၅။ ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် ၅၀,၀၀၀
ဒေါ်ညိုညိုလွင် (ဓမ္မဗျူဟာမိသားစု)

၁၀၆။ ဦးစံညိမ်း+ဒေါ်ခင်သက်တင်၊ သားသမီးမြေး ၅၀,၀၀၀
မောင်စစ်သွေးအောင်မိသားစုကောင်းမှု

၁၀၇။ ဒေါက်တာစိုးမိုးသက်+မကြည်ကြည်သင်း ၅၀,၀၀၀

၁၀၈။ ဒေါက်တာအောင်ချို + ဒေါ်သီတာဦး၊ ၅၀,၀၀၀
သမီး မခိုင်စံရီ မိသားစု

၁၀၉။ ဖခင်ဦးလေးမောင်အားရည်စူး၍ ၅၀,၀၀၀



ကိုကျော်ကျော်မိုး + မမူမူမြင့် (မန္တလေး)
သမီး စိမ်းလဲ့မိုး၊ အေးချစ်စု

၁၁၀။ ဦးညဏ်စိုး+ဒေါ်တင်မမ၊ ၅၀,၀၀၀
သား မောင်တင်ကျော်စိုး

၁၁၁။ ဦးကျော့ရှင်း + ဒေါ်ခင်ခင်ဇော ၅၀,၀၀၀

၁၁၂။ ဦးကျော်အေး + ဒေါ်ခေးခေး(ဖျာပုံ) ၄၅,၀၀၀

၁၁၃။ မြန်မာ့တံခွန် ဆန်စပါးရောင်းဝယ်ရေး(ဖျာပုံ) ၄၀,၀၀၀

၁၁၄။ ဒေါ်နှင်းကြည်၊ မြေးသက်မွန်အေး ၄၀,၀၀၀

၁၁၅။ ဒေါက်တာစိုးလွင်+ဒေါ်လှလှချော ၄၀,၀၀၀

၁၁၆။ ဦးရောင်ဟီး+ဒေါ်ကြူ(သမီး)မ ု မိုးမရွှဝါ ၄၀,၀၀၀

၁၁၇။ ကိုခိုင်ဝင်း + မခင်အေးမွန် ၄၀,၀၀၀

၁၁၈။ ဗိုလ်ကြီးထွန်းလင်း(ငြိမ်း) + ဒေါ်စန္ဒာထင်ကျော် ၃၆,၀၀၀

၁၁၉။ မစိုးစိုးအေး (စိုးစိုး - အပ်ချုပ်ဆိုင်) ၃၆,၀၀၀

၁၂၀။ ဦးသန်းမြင့် + ဒေါ်ခင်ကြွေ၊ ၃၆,၀၀၀
(သမီး) မနုနုလှိုင်၊ မဝါဝါလှိုင်(အင်းမ)

၁၂၁။ အဖွားခင်နှင့် မြေး မွန်မွန် ၃၅,၀၀၀

၁၂၂။ ဗိုလ်မှူးခင်ဇော်မိုး + မယဉ်မငးသိမ့် ၃၃,၀၀၀

၁၂၃။ ဒု-ဗိုလ်မှူးကြီးကျော်မြင့်+ဒေါ်ချိုချိုအေး ၃၂,၀၀၀

၁၂၄။ မိုမို (ဆေးတက္ကသိုလ်) ၃၀,၀၀၀

၁၂၅။ ဒေါ်ဝင်းမြင့်၊ သား မောင်ဟန်ဝင်း ၃၀,၀၀၀

၁၂၆။ ဦးကျော်ဇောလူ + ဒေါ်ချယ်ရီကြွယ် ၃၀,၀၀၀

၁၂၇။ Dr. ဦးမြအောင်+ Dr. ဒေါ်ခင်အေးသီ ၃၀,၀၀၀

၁၂၈။ ဦးယောသက(သုခပဋိပဒါ သဒ္ဓမ္မရုံသီ) ၃၀,၀၀၀

၁၂၉။ ဦးအေး+ဒေါ်တင်ကြည်(သမီး)၊ ဒေါ်မြမြအေး ၃၀,၀၀၀

၁၃၀။ မခင်ဖြူဖြူစိုး (ဝေါ) ၃၀,၀၀၀

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၃၁။ | မယင်းမာမြင့်သိန်း | ၃၀,၀၀၀ |
| ၁၃၂။ | ကိုမျိုးမြင့်အောင် + မဂနွမာ<br>သမီးရှုပါမျိုးမြင့် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၃။ | ဦးသိန်းအောင် + ဒေါ်ဝင်းစိန် (မန္တလေး) | ၃၀,၀၀၀ |
| ၁၃၄။ | ကိုဝင်းတင့်နိုင်နှင့် ကိုသူရိန်ဝင်းကျော်<br>+မရွှေစင်ဝင်း | ၃၀,၀၀၀ |
| ၁၃၅။ | မရတနာဖြိုး + မအိအိဝင်း<br>Golden Princess Fashion | ၃၀,၀၀၀ |
| ၁၃၆။ | ဦးသန်းလှိုင် + ဒေါ်မေရီရှိန် | ၃၀,၀၀၀ |
| ၁၃၇။ | ဗိုလ်မှူးကြီးတင်ဦး + ဒေါ်ခင်မေသန်း | ၃၀,၀၀၀ |
| ၁၃၈။ | ဒေါ်မြင့်မြင့် (ဘားအံ) | ၃၀,၀၀၀ |
| ၁၃၉။ | (ဦးကျင့်ဟော်)+ဒေါ်ကျင်မြင့် [ရွှေဟသာ၊<br>လှက်ခြောက်မိသားစု] (သထုံမြို့) | ၃၀,၀၀၀ |
| ၁၄၀။ | ဦးအောင်ထွန်း+ဒေါ်မြင့်မြင့်အေး<br>(တောင်ကြီးမြို့) | ၃၀,၀၀၀ |
| ၁၄၁။ | ဦးလှမြင့်+(ဒေါ်ခင်ယုံ)မိသားစု | ၃၀,၀၀၀ |
| ၁၄၂။ | မွန်အရှင်ကရဏာရတန (ဘီလူးကျွန်း) | ၃၀,၀၀၀ |
| ၁၄၃။ | ဦးမောင်မြ + ဒေါ်မြမြဟန် | ၃၀,၀၀၀ |
| ၁၄၄။ | ဦးသိန်းထွန်း+ဒေါ်ရီရီ၊ မလင်းလင်းခိုင်၊ | ၃၀,၀၀၀ |
| ၁၄၅။ | စိုင်းဆိုင်ဝမ်း+မထားထားဖြူ (တောင်ကြီး) | ၃၀,၀၀၀ |
| ၁၄၆။ | ဒေါက်တာမိမိကြွယ်(ကြွယ်ကြွယ်အထည်ဆိုင်)<br>(တောင်ကြီး) | ၃၀,၀၀၀ |
| ၁၄၇။ | ကိုကျော်ဝင်း+မနန်းဝင်း၊ သမီးခန့်ခန့်ဂျူး၊<br>အိငုံခင် (မိတ္ထီလာ) | ၃၀,၀၀၀ |
| ၁၄၈။ | ဒေါ်စန်းရီ (သဒ္ဓမ္မရံသီရိပ်သာ) | ၃၀,၀၀၀ |



| | | |
|---|---|---|
| ၁၄၇။ | ဒေါ်နွယ်နွယ်ဝါ (မော်လမြိုင်) | ၃၀,၀၀၀ |
| ၁၄၈။ | ဦးစန်းလွင်ဦး+ဒေါ်နန်းဆိုင်ဖူးမိသားစု | ၃၀,၀၀၀ |
| ၁၄၉။ | ဦးမျိုးဇော်ဝင်း+မသီတာဝင်း၊<br>သားသားဇော်လင်းထက်(ပဲခူး) | ၃၀,၀၀၀ |
| ၁၅၀။ | ကိုညီထွေးအောင်(ဘိုတထောင်) | ၃၀,၀၀၀ |
| ၁၅၁။ | ဦးမြင့်ဆွေ+ဒေါ်ချိုချိုအေး၊<br>သားမောင်ဘုန်းမြတ်သူ၊သမီးမပန်းနုခင်မိသားစု | ၃၀,၀၀၀ |
| ၁၅၂။ | မောင်ဝင်းထင်ကိုကို | ၃၀,၀၀၀ |
| ၁၅၃။ | ဦးစံကြီး+ဒေါ်ရွှေတင်၊ မြတ်ဇီဝစတိုး(အင်းမ) | ၃၀,၀၀၀ |
| ၁၅၄။ | ဖခင်ရဲမှူးကြီးဝင်းခေါင်(ဆရာထက်ခေါင်)+<br>မိခင်ဒေါ်နန်းချောချောခင်တို့အားအမှူးထား၍<br>သမီးစိုးစိုးထက် ( လေယာဉ်မယ် -<br>ရန်ကုန်လေကြောင်းလိုင်း) | ၃၀,၀၀၀ |
| ၁၅၅။ | မစန်းစုစုဇော်၊ မမြမာလာ | ၂၆,၀၀၀ |
| ၁၅၆။ | Dr.စန်းအောင် + ဒေါ်မူမူ<br>သမီး ခင်နီလာအောင်၊Dr.ခင်လဲ့လဲ့အောင် | ၂၅,၀၀၀ |
| ၁၅၇။ | ဒေါ်စန်းညိုနှင့် သမီးများ (ဖျာပုံ) | ၂၅,၀၀၀ |
| ၁၅၈။ | ကိုအောင်အောင် + မရီရီခိုင်၊<br>သား ကောင်းမင်းဆက် (ဖျာပုံ) | ၂၅,၀၀၀ |
| ၁၅၉။ | ဒေါ်ဒေဇီဟုန်စိန် | ၂၅,၀၀၀ |
| ၁၆၀။ | ဒေါ်တင်တင်၊ သမီး ဒေါ်သုခဝတီ<br>သားကိုဇော်အောင်+မမိုးမြင့်သူ၊<br>မြေးကံကောင်းလေး (အကယ်ဒမီကြေဂျီးချွတ်ဆေး<br>(မန္တလေး)မိသားစု) | ၂၅,၀၀၀ |
| ၁၆၁။ | ဒေါ်မူမူစိုးနှင့်ညီအစ်မများ (ဘမရငွေတာရင်း) | ၂၁,၂၂၀ |

www.burmeseclassic.com



| | | |
|---|---|---|
| | သူငယ်ချင်းတစ်စု၊ သတ္တုတွင်းဝန်ကြီးဌာန | |
| ၁၆၂။ | မဇင်မာရဲထွန်း၊ မောင်ပိုင်ဇေရဲထွန်း | ၂၁,၀၀၀ |
| ၁၆၃။ | ဦးသီလဝံသ | ၂၀,၀၀၀ |
| ၁၆၄။ | သုံးခွဆရာတော် | ၂၀,၀၀၀ |
| ၁၆၅။ | ဦးကောင်းရင် + ဒေါ်အေးမြင့် | ၂၀,၀၀၀ |
| ၁၆၆။ | Hye Song Sunim (Korea Bhikkhuni) | ၂၀,၀၀၀ |
| ၁၆၇။ | ဒေါ်ယဉ်ယဉ် | ၂၀,၀၀၀ |
| ၁၆၈။ | ဦးထွန်းသိန်း + ဒေါ်ကျင်ရီ | ၂၀,၀၀၀ |
| ၁၆၉။ | ဦးတင်ဦး + ဒေါ်ညို | ၂၀,၀၀၀ |
| ၁၇၀။ | ကိုရဲမြင့်အောင် (ကျိုင်းတုံ) | ၂၀,၀၀၀ |
| ၁၇၁။ | မညိမ်းညိမ်းသွင်၊ မထက်ထက်လင်း (ညောင်လေးပင်) | ၂၀,၀၀၀ |
| ၁၇၂။ | ဒေါ်စန်းစန်းမြင့် | ၂၀,၀၀၀ |
| ၁၇၃။ | ဒေါ်လှလှဟန်၊ သမီး မြတ်သဇင်ထူး၊ မအိစန္ဒာထူး | ၂၀,၀၀၀ |
| ၁၇၄။ | ဦးကျော်စိန် + ဒေါ်ခင်အေး၊ သမီး မမိုး (သစ်ခွခြံ) | ၂၀,၀၀၀ |
| ၁၇၅။ | ကိုမြမိုး + မခင်မာချို (လက်ပန်ကျေးရွာ) | ၂၀,၀၀၀ |
| ၁၇၆။ | ကိုစိန်မင်း + မရီရီချို၊သမီးစုဖြူစင်(မှော်ပုံ) | ၂၀,၀၀၀ |
| ၁၇၇။ | ဦးကျင်ဝမ် + ဒေါ်မြစိန် | ၂၀,၀၀၀ |
| ၁၇၈။ | ဦးသိန်းဆောင်+ဒေါ်လှလှ (သမီး)မစိုးမြတ်နန်း (အင်းမ) | ၂၀,၀၀၀ |
| ၁၇၉။ | ကိုဝင်းမော်ဦး + မငွေးမြမြလွင် | ၂၀,၀၀၀ |
| ၁၈၀။ | အ.ထ.က (၁)၊ သထုံ | ၂၀,၀၀၀ |
| ၁၈၁။ | အလင်းစေတမန်လူငယ်များ (သထုံ) | ၂၀,၀၀၀ |



| | | |
|---|---|---|
| ၁၈၂။ | ဗိုလ်ကြီးအောင်မျိုးဟိန်း | ၂၀,၀၀၀ |
| ၁၈၃။ | ဒေါ်ခင်ခင်အေးနှင့်သားသမီးမြေးတစ်စု | ၂၀,၀၀၀ |
| ၁၈၄။ | မချိုမာ၊ သား ဟိန်းထက်နိုင် (မှော်ပုံ) | ၂၀,၀၀၀ |
| ၁၈၅။ | ဦးစံလှိုင် + ဒေါ်ကောက်ပို့ မိသားစု၊ မော်လမြိုင်။ | ၂၀,၀၀၀ |
| ၁၈၆။ | ဦးမြင့်ဝေ + ဒေါ်ခင်သူဇာဇော် မိသားစု | ၂၀,၀၀၀ |
| ၁၈၇။ | ဦးချစ်မောင် + ဒေါ်တင်တင်ဦး ( ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း ) | ၂၀,၀၀၀ |
| ၁၈၈။ | ဒေါ်ကျင်ဝေ | ၂၀,၀၀၀ |
| ၁၈၉။ | ဦးအောင်မြင့်+ဒေါ်ခင်အုန်းမြင့်၊ ညီမ ဒေါ်ကြည်ကြည်မြင့် | ၂၀,၀၀၀ |
| ၁၉၀။ | မိခင်ဒေါ်မြင့်မြင့်သန်း အမှူးထား၍ ဦးအေးသက် + ဒေါ်ဝင်းမာသန်း | ၂၀,၀၀၀ |
| ၁၉၁။ | ဒေါ်ယဉ်ယဉ်မြင့် | ၂၀,၀၀၀ |
| ၁၉၂။ | ဦးမြင့်ဆွေ + ဒေါ်ချိုချိုအေး သားဘုန်းမြတ်သူ၊ သမီးပန်းနုခင် | ၂၀,၀၀၀ |
| ၁၉၃။ | မောင်ဇော်ဇော်လင်း+မချိုချိုဝင်း (တောင်ကြီးမြို့) | ၂၀,၀၀၀ |
| ၁၉၄။ | ဦးအောင်သန်း+ဒေါ်ဝေ၊ မနုနုဝင်း၊ မအေးအေးသွင်၊ မခင်လေးဝင်း | ၂၀,၀၀၀ |
| ၁၉၅။ | ဒေါ်သိန်းသိန်း၊ ဒေါ်စန်းစန်း | ၂၀,၀၀၀ |
| ၁၉၆။ | ကိုကျော်တိုးထွန်း+မမြမာလာ | ၂၀,၀၀၀ |
| ၁၉၇။ | ဗိုလ်မှူးကြီးသိန်းဝင်း+ဒေါ်စိမ်းစိမ်းရည်၊ သားစည်သူဝင်း၊ဒေါက်တာဇာနည်လင်းထွန်း၊ ဒေါက်တာနေရည်ဝင်း၊ မြေးမအိန္ဒြာဇာနည် | ၂၀,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ၁၉၈။ | ဦးနေဝင်း+ဒေါ်လှလှမွန်းမိသားစု (ကျောက်မြောင်း) | ၂၀,၀၀၀ |
| ၁၉၉။ | Capt: စိုးမြင့်+ဒေါ်ချိုချိုအောင်၊ သမီးစောသဥ္ဇာစိုး၊ Dr. စောသီရိစိုး၊ သားမောင်ရှိုသက်မောင် | ၂၀,၀၀၀ |
| ၂၀၀။ | ဒေါ်တင်ဦး + ဒေါ်ဆွေဆွေဦး | ၂၀,၀၀၀ |
| ၂၀၁။ | ဦးစောလွင်+ဒေါ်ရီရီမြင့် (ကြံတိုင်းအောင်မိသားစု) | ၂၀,၀၀၀ |
| ၂၀၂။ | ဒေါ်သိန်းကြည်မိသားစု (ရွှေလဝင်းဘဲဥပွဲရုံ) သနပ်ပင်မြို့။ | ၂၀,၀၀၀ |
| ၂၀၃။ | ဦးတက်တိုး + ဒေါ်ခင်အေးဝင်း | ၂၀,၀၀၀ |
| ၂၀၄။ | ဒေါ်ဝင်းဝင်းကြည်၏(၅၇)နှစ်ပြည့်မွေးနေ့ အလှူ၊ အထပြ(ငြိမ်း) | ၂၀,၀၀၀ |
| ၂၀၅။ | နှစ်ဖက်သောဘိုးဘွားများနှင့် မိခင်ဒေါ်ဆွေဆွေနှင်းတို့အားအမှူးထား၍ မဆုရည်ဝင်းမွေးနေ့အလှူ | ၂၀,၀၀၀ |
| ၂၀၆။ | မခင်ခင်စု (နှင်းစာပေရတနာ) | ၂၀,၀၀၀ |
| ၂၀၇။ | မငယ်ငယ်၊ ရန်ကင်းမြို့နယ်၊ စည်ပင်သာယာရေးနှင့်အုပ်ချုပ်ရေးမှူးရုံး | ၂၀,၀၀၀ |
| ၂၀၈။ | အဖွားခင်၊ အဖွားကြည် | ၁၈,၅၀၀ |
| ၂၀၉။ | ဗိုလ်မှူးကြီးမောင်မောင်(ငြိမ်း)+ဒေါ်စောစိန်ပွင့် | ၁၇,၀၀၀ |
| ၂၁၀။ | ကိုမောင်မောင်လတ်+မရှုမေ (တောင်ကြီး) | ၁၇,၀၀၀ |
| ၂၁၁။ | မလှမျိုးသွယ် | ၁၆,၀၀၀ |
| ၂၁၂။ | ဒေါ်မြမြ၊ ဒေါ်လှလှ၊ မနီနီလှိုင် (ညောင်လေးပင်) | ၁၅,၀၀၀ |

www.burmeseclassic.com

www.burmeseclassic.com

အချစ်ရှိနေသေးသော
အနာဂါမ်မဖြစ်သေးသူအားလုံးအတွက်





အလင်းတန်းဂျာနယ်တွင် ဖော်ပြခဲ့သော
ဓမ္မအတွေးဆောင်းပါးများ။

www.burmeseclassic.com